ကြေးမုံ
The Mirror

၁၃၇၀ခုနှစ်၊ တပေါင်းလကွယ်၊ စနေနေ့ (5-4-2008) (၅၄၄)

တပေါ်စ တော် မင်္ဂလ မုတ္တမ်

ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်လယ်ဝေးမြို့နယ်အတွင်းရှိ ပလွေးချောင်းကို တမံပိတ်၍ ဆင်အုံကန်အတွင်းသို့ ရေစီးဝင်စေသည့် ရေလွှဲနေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်လယ်ဝေးမြို့နယ်အတွင်း ဆည်ရေသောက်နွေစပါးစိုက်ခင်းများနှင့် ကြံစိုက်ခင်းများကြည့်ရှုစစ်ဆေး တောင်သူများအနေဖြင့် အထွက်တိုးအောင်စိုက်ပျိုးကြရေးမှာကြား

နေပြည်တော် ဧပြီ ၄

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယမန်နေ့ နံနက် ၇နာရီခွဲတွင် နေပြည်တော်လယ်ဝေးမြို့နယ် ရန်အောင်မြင်ကျေးရွာ ကွင်းအမှတ်(၂၁၂၅) ဦးပိုင်အမှတ်(၄၅/၃) တောင်သူ ဦးမောင်ဟန်၏နွေစပါး (၇)ဧကအတွင်း ဓာတ်မြေဩဇာ ကြဲပက်ခြင်း၊ တမန်းနှိုးခြင်းနှင့် ပေါင်းလိုက်ခြင်းလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရှင်းလင်းမှာကြားရာတွင် နိုင်ငံတော်က ဆည်မြောင်းတာတမံများကြိုးပမ်းတည်ဆောက်နေသည့်အတွက် လယ်ယာမြေများ၌ ရေလုံလောက်စွာရရှိပြီး သုံးရာသီလုံး စိုက်ပျိုးနိုင်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍများတွင် ဘက်စုံတိုးတက်ဖွံ့ဖြိုးနေသည်ကို လက်တွေ့စိုက်ပျိုးသည့် တောင်သူများကိုယ်တိုင် ခံစားနေရပြီဖြစ်ကြောင်း၊ ယခင်က မိုးစပါးတစ်မျိုးတည်းကိုသာ အားထားစိုက်ပျိုးနေရာမှ ယခုအခါ နွေစပါးကိုပါ တိုးချဲ့စိုက်ပျိုးနိုင်နေပြီ ဖြစ်ကြောင်း၊ ထိုသို့တိုးချဲ့စိုက်ပျိုးသည့်အတွက် တောင်သူများတွင်သာမက နိုင်ငံတော်တွင်လည်းများစွာအကျိုးရှိကြောင်း၊ တောင်သူများအနေဖြင့်လည်း အထွက်တိုးအောင် တိုးမြှင့်စိုက်ပျိုးကြစေလိုကြောင်းဖြင့်မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❑

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရောင်စုံကြော်ငြာ အချပ်ပိုပါရှိ

ယနေ့ထုတ် သတင်းစာတွင် ရောင်စုံကြော်ငြာအချပ်ပို နှစ်မျက်နှာ ပါရှိပါသည်။

အကြမ်းဖက်အဖျက်သမားတွေဟာ မြေပေါ်မှာ၊ မြို့ပေါ်တွေမှာ ဒီမိုကရေစီ မျက်နှာဖုံးစွပ်ပြီးလှုပ်ရှားနေ

“အကြမ်းဖက်အဖျက်သမားတွေဟာ မြေအောက်မှာ၊ နယ်စပ်ဒေသမှာသာရှိနေတာ မဟုတ်တော့ပါဘူး။ သူတို့ဟာ မြေပေါ်မှာ၊ မြို့ပေါ်တွေမှာ ဒီမိုကရေစီမျက်နှာဖုံးစွပ်ပြီး လှုပ်ရှားနေကြတာဖြစ်ပါတယ်။ သူတို့ဟာ အစိုးရကို ဆန့်ကျင်တဲ့ပုံစံယူ အသွင်ဆောင်ပြီး ပြည်သူလူထုကို တိုက်ခိုက်သတ်ဖြတ်ဖို့အထိ ဝန်မလေးတော့ဘဲ လက်ရဲဇက်ရဲလုပ်ဆောင်လာတာ ဖြစ်ပါတယ်။”

လေ့လာသူတစ်ဦး၏ **“အဖျက်လုပ်ရပ်မှန်သမျှ ဖော်ထုတ်တားဆီးဖယ်ရှား သွားကြရမည်”**

(ဆောင်းပါး) စာမျက်နှာ - ၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၅-၄-၂၀၀၈
(စနေနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အသက်ရှည်ကျန်းမာကြံ့ခိုင်ရေး အလေးထား ပတ်ဝန်းကျင်သန့်ရှင်းရေးကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်

လူတိုင်းလူတိုင်း ကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်း၊ အသက်ရှည်ခြင်းများဖြင့် ပြည့်စုံနေရန် အထူးလိုအပ်သည်။ ကျန်းမာကြံ့ခိုင်သော နိုင်ငံသူ၊ နိုင်ငံသားများကသာ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ဖော်ဆောင်ရာတွင် မိမိတို့ ကာယ၊ ဉာဏစွမ်းအားအလိုက် ပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများ အသက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရေး၊ ရောဂါဘယကင်းရှင်းရေးတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဖြည့်ဆည်းပေးနေသည်။ အမျိုးသားကျန်းမာရေးမူဝါဒတွင် လေထုနှင့်ရေထုညစ်ညမ်းမှုမှ ကာကွယ်ရေးလုပ်ငန်းများကို ထည့်သွင်းဖော်ဆောင်လျက်ရှိသည်။

ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၀၈ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်သန့်ရှင်းရေးနှစ် International Year of Sanitation အဖြစ် သတ်မှတ်ကြေညာထားသည်။ တစ်ကမ္ဘာလုံးနှင့်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင် သန့်ရှင်းရေးနှစ် ဖွင့်ပွဲအခမ်းအနားကို ကုလသမဂ္ဂဌာနချုပ်၌၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့က ကျင်းပခဲ့သည်။ အလားတူ အရှေ့အာရှဒေသဆိုင်ရာ ပတ်ဝန်းကျင်သန့်ရှင်းရေးနှစ် ဖွင့်ပွဲအခမ်းအနားကိုလည်း ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့က ဂျပန်နိုင်ငံ၌ ကျင်းပခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများကို ဆယ်စုနှစ်များစွာ ဇောက်ချလုပ်ကိုင်လျက်ရှိသည်။ ကူးစက်ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်ပွားသည့်အခါ ထိရောက်စွာ နှိမ်နင်းနိုင်ရေးအတွက် အများပြည်သူတို့က သက်ဆိုင်ရာ ဒေသကျန်းမာရေး အရာရှိများ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၁၉၉၅ ခုနှစ် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေတွင် ချမှတ်ပေးထားသည်။

ကျန်းမာရေးလုပ်ငန်းများသည် ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သည့်အတွက် လူတိုင်းအတွက် ပတ်ဝန်းကျင် သန့်ရှင်းရေး Sanitation for All ဆောင်ပုဒ်နှင့်အညီ အစားအစာသန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေကောင်းရေသန့်ရရှိသုံးစွဲရေးလုပ်ငန်းများတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များအားလုံးက ကျန်းမာရေးဝန်ထမ်းများနှင့်အတူ လူတိုင်း ဝမ်းနှင့်ပတ်သက်သော ရောဂါများ ကင်းရှင်းရေး၊ အိမ်တိုင်းစေ့ ယင်လုံအိမ်သာသုံးစွဲနိုင်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများတွင် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ ပြည်သူတိုင်း ကျန်းမာပြီး ရောဂါဘယများ ကင်းဝေးနိုင်ကြမည် ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ အလုံမြို့နယ် ပထမသီရိရိပ်သာနေ မိဘနှစ်ပါး ဒေါက်တာ ဦးထွန်းရင် တစ်နှစ်ပြည့်၊ ဒေါ်အောင်အောင် (၁၁)နှစ်ပြည့် ရည်စူး ပြီး သား၊ သမီး၊ မြေးတစ်စုတို့က ဘိုးဘွားများအား တစ်နေ့တာ အာဟာရကျွေးမွေးရန်နှင့် ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းသုံးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကတ္တရာလမ်းသစ်နှင့် သစ်သားတံတားဖွင့်ပွဲ တက်ရောက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် ဝါးခယ်မမြို့နယ် ကညင်ကူ-ဆပ်သေ ကျေးလက် မြေသားလမ်းပေါ်ရှိ မွေ့ထရံ သစ်သားတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

ရန်ကုန် ဧပြီ ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဧပြီ ၂ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ကနစိုးကုန်း-လမ်းသမိုင် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဝါးခယ်မမြို့ ရွှေခယ်သီရိခန်းမ၌ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ဗဟို အလုပ်အမှုဆောင်ဝန်ကြီးသည် ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ကညင်ငူ-ဆပ်သေ ကျေးလက် မြေသားလမ်းပေါ်ရှိ မွေ့ထရံသစ်သား တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မွေ့ထရံတံတား တည်ဆောက်ခြင်းအတွက် စူပရင်း ကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဒေါက်တာ စိန်မြင့်နှင့် ဇနီး ဒေါ်မြသန္တာတို့က အလှူငွေကျပ်သိန်း ၈၀၊ ကညင်ငူ ကျေးရွာ ပြည်သူများက အလှူငွေ ကျပ် ၁၁၅ သိန်းတို့ကို ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မတ် ၂၃ ရက်က ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ထော်လာဂျီ ကုန်စည်ပို့ဆောင်ရေးအသင်း ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း(စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင် အမှာစကားပြောကြားစဉ်။ (စစ်မှုထမ်းဟောင်း)

အထက(၂)လှိုင်(ဒေါ်သာထက်အထက်တန်းကျောင်း) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၄

အထက(၂)လှိုင် (ဒေါ်သာထက်အထက်တန်းကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှိ သိင်္ဂီ ရွှေဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် အဝေးရောက် ဆရာကြီး၊ ဆရာမကြီးများအားလုံး ဆက်သွယ်ကြရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။ အလှူငွေနှင့် ပစ္စည်းများ ပါဝင်လှူဒါန်းလိုသည့် ကျောင်းသူ၊ ကျောင်းသားဟောင်းများသည် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိန် ဖုန်း-၅၃၄၉၃၆၊ ဆရာဦးမင်းဇော် ဖုန်း-၆၅၃၅၉၅၊ လိုင်းခွဲ-၂၄၀၊ ဒေါ်စန်းစန်းဝင်း ဖုန်း-၇၂၅ ၆၀၈၊ ဦးအုန်းကြူ ဖုန်း-၀၉ ၅၁၀ ၁၂၈၆၊ ဦးရဲနိုင်လင်း ဖုန်း-၀၉ ၅၁၀ ၀၃၉၃၊ ဦးကြည်သန်း-၇၂၁၇၅၃၊ ဦးဂျင်မီ ဖုန်း-၀၉-၅၁၁၈၁၃၈၊ ဦးမျိုးမြတ်သူ ဖုန်း-၀၉၈၀၃၄၇၁၀၊ ဦးမျိုးခင် ဖုန်း-၀၉၅၁၈၇၅၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မဟာစည်မင်းလှဓမ္မရိပ်သာကျောင်းတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း ဗဟန်းဈေးအနီး မဟာစည်မင်းလှဓမ္မရိပ်သာကျောင်း၌ သင်္ကြန် ၁၀ ရက် တရားစခန်းပွဲကို တန်ခူးလဆန်း ၆ ရက်မှ လပြည့်နေ့အထိ (ဧပြီ ၁၁ ရက်မှ ၂၀ ရက်အထိ) ကျင်းပမည်ဖြစ်သည်။

သတိပဋ္ဌာန် ဝိပဿနာအလုပ်ပေးတရားများကို ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကြီး၏ သြဝါဒတော်နှင့်အညီ မဟာစည်နည်းကျ အခြေခံမှစ၍ မင်းလှဓမ္မရိပ်သာ ပဓာနနာယက ဆရာတော်ကိုယ်တိုင် ဦးစီး၍ ဟောပြောပြသမည်ဖြစ်သည်။ တရားစခန်း ဝင်ရောက်လိုသော ယောဂီများနှင့် ဒုလ္လဘရဟန်းဝတ်လိုသူများ ရိပ်သာ ဖုန်း-၀၉-၅၀-၁၂၃၃၀ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဓမ္မဒူတဇေတဝန်တောရ သင်္ကြန်တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်ကြီး၌ သင်္ကြန်တရားစခန်းပွဲကို ဧပြီ ၁၂ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ယောဂီဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းသူများကိုသာ လက်ခံမည်ဖြစ်ပြီး တရားစခန်းသို့ ညနေ ၃ နာရီအရောက် လာကြရန်ဖြစ်သည်။ တရားစခန်း ဝင်ရောက်လိုသူများအနေဖြင့် မှတ်ပုံတင်မိတ္တူ ဓာတ်ပုံနှစ်ပုံနှင့်အတူ ဦးသိန်းဝင်း ဖုန်း-၅၄၀၀၉၂၊ ဦးလှကြည် ဖုန်း-၂၄၆၇၈၈(လိုင်းခွဲ)၃၀၊ဇာနည်ညီနောင်ဆေးဆိုင် ဖုန်း-၂၉၃၅၆၇၊ ရှိုင်းဟုတ်ကုမ္ပဏီ ဖုန်း-၅၁၄၇၆၈၊ ဦးဝင်းရွှေ(မှော်ဘီ) ဖုန်း-၆၂၀၅၂၀၊ ဦးမျိုးမြင့်(ပဲခူး) ဖုန်း-၀၅၂-၂၂၁၃၆ တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ခေတ်မီမြေတိုင်းတာခြင်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၄

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန လုပ်ငန်းခွင် မြေတိုင်းတာခြင်းနှင့် မြေစာရင်း သင်တန်းအမှတ်စဉ် (၂၇) နှင့် တန်းမြင့်မြေတိုင်းနှင့် ခေတ်မီမြေတိုင်းပညာသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲတို့ကို ဧပြီ ၁ ရက် နံနက် ၉ နာရီတွင် တိုက်ကြီးမြို့ ဗဟိုမြေစာရင်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းအလိုက် ထူးချွန်ဆုရရှိသူများအား ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းဆင်းပွဲသို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း ကျောင်းအုပ်ကြီးဦးသန်းနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်း(အရှေ့)တို့မှ တိုင်းမြေစာရင်းဦးစီးဌာနမှူးများ၊သင်တန်းနည်းပြများနှင့်သင်တန်းသား၂၅၀တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ စစ်ကိုင်းတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် အသင်းဝင်များအားတွေ့ဆုံ

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် မတ် ၂၈ ရက် ညနေ ၃ နာရီခွဲတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် စစ်ကိုင်းတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးစိုးစိုးနှင့် မုံရွာ၊ အရာတော်၊ ဘုတလင်နှင့် ကနီမြို့နယ်တို့မှ အသင်းအတွင်းရေး မှူးများနှင့် စည်းရုံးရေးမှူးများက ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူလူထု အကျိုးပြုလုပ်ငန်းများနှင့် စည်းရုံးရေး ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြ ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က တင်ပြ ချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကြပြီး ပြည်သူ့ အကျိုးပြု လုပ်ငန်းများ၊ စည်းရုံးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေး မှာကြားကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အသင်းဝင်များအတွက် ပံ့ပိုးငွေများကို ပေးအပ်ချီးမြှင့်ပြီးအသင်းဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း မုံရွာမြို့ရှိ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးခန်းမ၌ အသင်းဝင်များအတွက် ပံ့ပိုးငွေများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

❑ ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် တိုင်းမှူးသည် နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ ပလွေးချောင်းကို တမံပိတ်၍ ဆင်အုံကန်အတွင်းသို့ ရေစီးဝင်စေသည့် ရေလွှဲနေရာကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော် လယ်ဝေးမြို့နယ် ရဘိန်းကျေးရွာ အုပ်စုရေပြာကျေးရွာရှိ တောင်သူဦးနေလင်းစိုး၏ (၄ဒသမ ၆၅)ဧကရှိသော လယ်မြေသို့ရောက်ရှိကာ လယ်ကွက်အတွင်း နောက်ချေးနှင့် ပုလဲဓာတ်မြေဩဇာ ရော၍မြေဩဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးသည် နေပြည်တော်လေဆိပ်အနီးရှိ ကွင်းအမှတ်(၁၇၈၃) ၌ မြန်မာ့ကြံလုပ်ငန်းက စိုက်ပျိုးထားသည့် ဆင်းရွှေလီကြံနှင့် နဝဒေးကြံ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား နေပြည်တော် ဒေသသည် ယခင်ကကြံပင်များ တစ်မျှော်တစ်ခေါ်စိုက်ပျိုးခဲ့ပြီး ယခုအခါ စိုက်ပျိုးမှု နည်းပါးသည့်အတွက် ပိုမိုအားထုတ်ကြိုးပမ်းစိုက်ပျိုးကြစေလိုကြောင်းဖြင့် မှာကြားသည်။

နေပြည်တော် ပျဉ်းမနားခရိုင်အတွင်း ယခုနှစ်တွင် နွေစပါးစိုက်ပျိုးရန် ဧက(၃၁၀၀၀)လျာထားပြီး (၂၁၈၇၂)ဧက စိုက်ပျိုးပြီးစီးကာ ရာခိုင်နှုန်းအားဖြင့် (၇၀ ဒသမ ၅၅) ရာခိုင်နှုန်းစိုက်ပျိုးပြီးဖြစ်သည်။ဆက်လက်၍လည်း လျာထားချက် ပြည့်မီကျော်လွန်စေရေးအတွက် အင်တိုက်အားတိုက်စိုက်ပျိုးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၄-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ မြန်မာသင်္ကြန်
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၅ ၄။ ကျန်းမာသုတ
- ၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
- ၁း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၆။ မြန်မာသင်္ကြန်
- ၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၀၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင် ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - **ပျော်ရွှင်ပါစေ (အပိုင်း-၁၀)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ **လူရွှင်တော်ရွှေဖလား**
- ၁၉။ English Usage
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ FA Cup ဘောလုံးပွဲ ဝက်ဘရွှန်း-ပို့စ်မောက်
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် သာယာဝတီခရိုင်အသင်း ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစား

ရန်ကုန် ဧပြီ ၄

သာယာဝတီမြို့နယ် ရဲတပ်ဖွဲ့မှူး၊ ခရိုင်အားကစားနှင့် ကာယပညာ ကော်မတီနှင့် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးတို့ ပူးပေါင်းကျင်းပ သည့် ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ ကို မတ် ၂၉ ရက် ညနေ ၄ နာရီက သာယာဝတီခရိုင် အားကစားကွင်း၌ ကျင်းပရာ ရုပ်ရှင်အစည်းအရုံး အသင်းက သာယာဝတီခရိုင်ဘောလုံး အသင်းကို ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ချစ်ကြည်ရေး ဘောလုံးပွဲ မစတင် မီ မွန်းတည့် ၁၂ နာရီမှစ၍ ရုပ်ရှင် ဂီတနှင့် ဗီဒီယိုသရုပ်ဆောင်များက တေးသီချင်းများဖြင့် ဖျော်ဖြေကြ သည်။

ညနေ ၄ နာရီတွင် ချစ်ကြည်ရေး ဘောလုံးပွဲအဖြစ်အပြည်ပြည်ဆိုင်ရာ ဘောလုံးဒိုင်လူကြီးဟောင်း ဦးသန်း ဝင်းခေါင်းဆောင်သည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအသင်းနှင့် သာ ယာဝတီခရိုင် အားကစားနှင့် ကာယ ပညာဦးစီးဌာန လက်ထောက်ညွှန် ကြားရေးမှူး ဦးစိန်ဝမ်း ခေါင်းဆောင် သည့် သာယာဝတီခရိုင် ဘောလုံး

ရုပ်ရှင်သရုပ်ဆောင်ဇာနည် သာယာဝတီခရိုင် အသင်းဘက်သို့ ထိုးဖောက်ကစားစဉ်။ (သတင်း၊ ဓာတ်ပုံ-စိုးညွှန့်-ကြေးမုံ)

အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ ဘောလုံးပွဲ မစတင်မီ သာယာဝတီမြို့ နယ် ရဲတပ်ဖွဲ့မှူး ဦးအောင်သန်းဇော်က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရန်ပုံ ငွေအဖြစ် ငွေကျပ် ၁၅ သိန်း လေးသောင်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အား/ကာ ဆပ်ကော်မတီအတွင်း ရေးမှူး ဒါရိုက်တာ ဦးမျိုးဇော်အောင်က လက်ခံယူသည်။ ရုပ်ရှင် အစည်း အရုံး ဘောလုံးအသင်းတွင် ရုပ်ရှင် သရုပ်ဆောင်များဖြစ်သည့် ပိုင်ဇေရဲထွန်း၊ ဇာနည်၊ အောင်ခိုင်၊ ထွန်းထွန်း ဝင်း၊ ဧရာ၊ ဝင်းနိုင်၊ အုန်းသီး၊ ဗေဒါ၊ ညီဂျော်၊ ဖိုးတာနှင့် မင်းညီစသည့် အနုပညာရှင်များ ပါဝင်ကစားခဲ့ပြီး သာယာဝတီခရိုင်အသင်းတွင် ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့် ပဲခူးတိုင်း လက်ရွေးစင်ဟောင်းများ ပါဝင်ကစား ခဲ့ကြသည်။ (ကြေးမုံ)

မော်လမြိုင် ဘုရားနှစ်ဆူ သင်္ကြန်အထူး တရားစခန်း

ရန်ကုန် ဧပြီ ၄

မော်လမြိုင်မြို့ မြေနီကုန်းရပ် ဘုရားနှစ်ဆူကျောင်းတိုက် မိုးကုတ် ရိပ်သာ၌ ၁၃၆၉ခု တန်ခူးလဆန်း ၆ ရက် (ဧပြီ ၁၁ ရက်)မှ တန်ခူးလဆန်း ၁၂ရက် (ဧပြီ ၁၇ ရက်)အထိ မိုးကုတ် ဝိပဿနာ ခုနစ်ရက် သင်္ကြန်အထူး တရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။ ယင်းစခန်းပွဲ၌ ဆရာတော် ဘဒ္ဒန္တ ရေဝတ (နယ်လှည့် ဓမ္မကထိက၊ ကမ္ဘာ့ဌာနာစရိယ) အရှင်သူမြတ်က ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များအား ခန္ဓာဉာဏ် ရောက် သဘောပေါက်အောင် ဟော ကြားမည်ဖြစ်ရာ တရားစခန်း ဝင်လိုသူများသည် ၁၃၆၉ခုနှစ် တန်ခူး လဆန်း ၅ရက် (ဧပြီ ၁၀ ရက်) ညနေ ၅ နာရီ အရောက် လာရောက်ကြ ရန် နှိုးဆော်ထားနိုင်ကြောင်း သိရှိရ သည်။ (က-ပ)

လှိုင်သာယာမြို့နယ် ရခိုင်ရိုးရာသင်္ကြန်ပွဲ

ရန်ကုန် ဧပြီ ၄

လှိုင်သာယာမြို့နယ် အောင်မြေ သာယာ ရွှေစေတီတော်ရှေ့ ညောင် တုန်းလမ်းမကြီးပေါ် တံတားဖြူ မှတ်တိုင်အနီးတွင် စတုတ္ထအကြိမ် မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲကို စည် ကားစွာ ဆင်နွှဲကြမည်ဖြစ်သည်။

ရိုးရာအစဉ်အလာမပျက် နံ့သာ သွေးပွဲ၊ ဘုရားရေသပ္ပာယ်ပွဲ၊ စည် တော်သိမ်း၊ ကျယင်ယိမ်းကပွဲများ အပြင် ဝါသနာရှင်များဖြင့် တစ်ဦး ချင်း သီချင်းဆိုကပြ ဖျော်ဖြေကြမည် ဖြစ် ပြီး လောင်းလှေကြီးများဖြင့် ရေ ကစားကြမည်ဖြစ်ရာ မည်သူမဆို ဝင်ရောက် ရေကစားနိုင်ကြောင်း သိရှိရသည်။ (က-ပ)

သင်္ကြန်တွင်း (၃၃)ကြိမ်မြောက် ဒုလ္လဘရဟန်းခံရှင်ပြုပွဲ

ရန်ကုန် ဧပြီ ၄

ပဲခူးမြို့ ဖိုင်းဂနိုင်းတောင်ပိုင်း ဓမ္မ ရိပ်သာကျောင်းတိုက်တွင် ဆရာတော် ကြီး (ပဲခူးနာရီစင်ဆရာတော်) ကိုယ် တိုင်ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲအတိုင်း (၃၃) ကြိမ်မြောက် စုပေါင်းဒုလ္လဘ ရဟန်းခံ ရှင်ပြုပွဲကို ဧပြီ ၁၁ ရက် သောကြာနေ့တွင် ဆင်ယင်ကျင်းပ မည်ဖြစ်ပါ၍ ရဟန်း၊ သာမဏေ ဝတ်လိုသူ ရဟန်း၊ သာမဏေလောင်း များအနေဖြင့် ယင်းကျောင်းတိုက် ဆရာတော်ထံ ကြိုတင်စာရင်း ပေး သွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

○ ကျောဖုံးမှ

ပြောင်းလဲမှုများ၊ မိုးခေါင် ရေရှားမှုများကြောင့် အဓိက ဖြစ်သည်ဟု ဆိုသည်။ ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများအား ပို၍ ထိခိုက်နစ်နာစေနိုင်ပြီး၊ ရောဂါဘယများ ဖြစ်ပွားခြင်းနှင့် ရိုးရာ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ ပျက်ပြားရခြင်းတို့ ဖြစ်နိုင်သည်ဟု ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ကလည်း သတိပေး ထားသည်။ လာမည့် နှစ်ပေါင်း ၅၀ အတွင်း၊ တောင်အာရှဒေသ၌ နွေရာသီ အပူချိန်များ မြင့်မားလာပြီး အပူလှိုင်းများ ပိုမိုကျရောက်ကာ ဆောင်းရာသီ အချိန်ကာလများ တိုတောင်းနည်းပါးလာနိုင်သည်ဟု ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့၏ အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

အင်တာနက်။

စင်းကျန်ပြည်နယ်၌ သဲမုန်တိုင်း ခြောက်ရက်ကြာတိုက်ခတ် လေယာဉ်ခရီးစဉ် ၂၇ ခု ဖျက်သိမ်းရ

ရန်ကီ ဧပြီ ၃

တရုတ်နိုင်ငံ စင်းကျန်ပြည်နယ် အနောက်မြောက်ဘက်ရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လွန်ခဲ့သည့် သောကြာနေ့မှ စတင်ပြီး သဲမုန်တိုင်းကျရောက်မှုကြောင့် လေယာဉ်ခရီးစဉ် ၂၇ ခု ဖျက်သိမ်းခဲ့ရပြီး အခြားခရီးစဉ် ၁၀ခုကို ရွှေ့ဆိုင်းခဲ့ရကြောင်း မြို့ပြလေကြောင်း အာဏာပိုင်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

သောကြာနေ့က စတင်တိုက်ခိုက်ခဲ့သည့် သဲမုန်တိုင်းသည် ပြည်တွင်းလေဆိပ် ငါးခုဖြစ်သည့် ရန်ကီ၊ ကာရှီ၊ အက်ဆူ၊ ကူကာနှင့် ကာလာဒေသများတွင် မြေမှုန့်များ လွင့်နေကြောင်း စင်းကျန်ပြည်နယ် မြို့ပြလေကြောင်း အုပ်ချုပ်ရေးဌာနက ပြောကြားသည်။

တနင်္ဂနွေနေ့ တစ်ရက်တည်း ဒေသအချို့တွင် သဲမှုန်များ လေထုအတွင်း ထူထပ်စွာ လွင့်နေမှုကြောင့် ရန်ကီနှင့် အက်ဆူဒေသအကြား လေယာဉ်ခရီးစဉ် ခုနစ်ခု၊ ကာရှီနှင့် ကူကာဒေသသို့ ပျံသန်းမည့်လေယာဉ် ခရီးစဉ်လေးခုတို့ အပါအဝင် လေယာဉ်ခရီးစဉ် ၁၁ခု ဖျက်သိမ်းခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံ ဖိုင်ဆာလာဘတ်မြို့ရှိဓာတ်ငွေ့အိုးအရောင်းဆိုင်တွင် ဓာတ်ငွေ့ဆလင်ဒါအိုး ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အဆောက်အအုံကို ဧပြီ ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်တွင် ဓာတ်ငွေ့ဆလင်ဒါအိုး ပေါက်ကွဲ၍ ၁၃ ဦး သေဆုံး

အစ္စလာမ္မာဘတ် ဧပြီ ၃

ပါကစ္စတန်နိုင်ငံအလယ်ပိုင်း ဖိုင်ဆာလာဘတ်မြို့ရှိ ဓာတ်ငွေ့အိုး အရောင်းဆိုင်တစ်ဆိုင်တွင် ဧပြီ ၂ရက်က အလုပ်သမားတစ်ဦးသည် ဆေးလိပ်မီးညှိရန် မီးခြစ် ခြစ်လိုက်ရာ ဓာတ်ငွေ့အိုးများ တသီကြီး ပေါက်ကွဲသွားသည့်အတွက် အနည်းဆုံး ၁၃ဦး အသက်ဆုံးရှုံးသွားကြောင်း ရဲတပ်ဖွဲ့ဆိုင်ရာ သတင်းက ဖော်ပြသည်။

အိမ်တွင်းသုံးဓာတ်ငွေ့ဆလင်ဒါဘူးများကိုရောင်းချရန် ဓာတ်ငွေ့ဖြည့်နေစဉ်အတွင်း ပေါက်ကွဲခြင်းဖြစ်သည်။ ပေါက်ကွဲမှုမှာ ပြင်းထန်သည့်အတွက် အဆောက်အအုံမှာ ပြိုကျသွားသည်။ အပျက်အစီးများအကြားတွင်အလောင်းကိုးလောင်းကို တွေ့ရပြီး ဒဏ်ရာရသွားသူလေးဦးမှာလည်း ဆေးရုံ၌ သေဆုံးသွားကြောင်း ရဲအရာရှိ မာလိပ်ယူဆွတ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အသက်(၇၇)နှစ်အရွယ် အဘွားအို ဧဝရက်တောင်တက်မည်

ခတ္တမန္ဒူ ဧပြီ ၃

နီပေါနိုင်ငံမှ အသက် ၇၇နှစ်အရွယ် အမျိုးသမီးတစ်ဦးအပါအဝင် အမျိုးသမီး ၁၀ ဦးအဖွဲ့သည် ဧဝရက်တောင်သို့ ယခုလတွင် တက်ရောက်မည်ဖြစ်သည်။

ဧဝရက်တောင်ကို အတိုဆုံးလမ်းကြောင်းမှ တက်နိုင်သည့် တောင်တက်သမား ဗင်ဘာဒိုဂျီရှာပါက ယင်းအဖွဲ့ကိုဦးဆောင်မည်ဖြစ်ကြောင်းဟိမာလာဗင်တိုင်းမ်သတင်းစာက ရေးသားဖော်ပြထားသည်။ ၄င်းအဖွဲ့သည် ဧပြီ ၁၄ ရက်တွင် ဧဝရက်တောင်သို့ စတင်တက်ရောက်မည် ဖြစ်သည်။ *အမ်အင်အေ၊ဆင်ဟွာ။*

ဒိုင်ယာနာမင်းသမီး၏ ဘဏ္ဍာစိုး အမှန်ကို မပြောကြားဟု တရားသူကြီးက မှတ်ချက်ချ

လန်ဒန် ဧပြီ ၃

ဒိုင်ယာနာ မင်းသမီး၏ စိတ်ချယုံကြည်ရသည့်ဘဏ္ဍာစိုးဖြစ်သူပေါလ်ဘာရယ်လ်က ဒိုင်ယာနာ သေဆုံးမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရာတွင် အမှန်ကို ပြောကြားခြင်း မရှိကြောင်း တရားသူကြီးက ဂျူရီ အကဲဖြတ်လူကြီးများအဖွဲ့သို့ အင်္ဂါနေ့တွင် ပြောကြားသည်။

ပေါလ်ဘာရယ်လ် ပြုမူပြောဆိုပုံသည် သိမ်ဖျင်းသည့်အသွင်ဆောင်နေသည်ဟု စကော့ဘေကာက ဂျူရီအဖွဲ့သို့ ပြောကြားသည်။ ဒိုင်ယာနာမင်းသမီးနှင့် ၄င်း၏ချစ်သူ ဒိုဒီ အယ်လ်-ဖေယက်တို့ ပါရီမြို့တွင် ၁၉၉၇ ခုနှစ်က မော်တော်ယာဉ်တိုက်မှုတွင် သေဆုံးမှုအပေါ် စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက် အဆုံးသတ်စီရင်ချက်ချပြီဖြစ်သည်။

ဘာရယ်လ်က ဒိုင်ယာနာမင်းသမီး၏လျှို့ဝှက်ချက်များကို မည်ရွေ့မည်မျှ သိရှိသည်ဟူသော မေးခွန်းနှင့်ပတ်သက်၍ ဇန်နဝါရီလအတွင်း တရားရုံးတော်က စုံစမ်းစစ်ဆေးရာတွင် လာရောက်ပြောကြားခဲ့သည်။

ဘာရယ်လ်ကပေးသည့် အထောက်အထားနှင့် သတင်းစာတွင်ဖော်ပြထားသည့် ဘာရယ်လ်နှင့် သက်ဆိုင်သော ဝေဖန်ပြောကြားချက်များ ရှေ့နောက်မညီ ကွဲပြားနေမှုတို့ကို ရှင်းလင်းရန်အတွက် စကော့ဘေကာက ဘာရယ်လ်အား ရုံးတော်သို့ စစ်ဆေးခံရန် ဖေဖော်ဝါရီလက တိုက်တွန်းခဲ့သေးသည်။ သို့သော် ဘာရယ်လ်က ရုံးတော်သို့ လာရောက်ခြင်း မရှိဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံကို ဧပြီ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကိုလံဘီယာ၏ လေကြောင်းပိုင်နက် အီကွေဒေါ ချိုးဖောက်ဟု စွပ်စွဲ

ဘိုဂိုတာ ဧပြီ ၃

အီကွေဒေါစစ်ဘက် ရဟတ်ယာဉ်သည် မတ် ၃၀ ရက်က ကိုလံဘီယာနိုင်ငံ၏ လေကြောင်းပိုင်နက်ကို ချိုးဖောက် ဝင်ရောက်လာသည်ဟု ကိုလံဘီယာနိုင်ငံက မတ် ၃၁ ရက်တွင် စွပ်စွဲပြောကြားသည်။

အီကွေဒေါ လေကြောင်းတပ်ဖွဲ့မှ ဂါဇီလီရဟတ်ယာဉ်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၀ မိနစ် (ကမ္ဘာ့စံတော်ချိန် ၁၆း၁၀ နာရီ)တွင် ကိုလံဘီယာ လေပိုင်နက်အတွင်း ဝင်ရောက်ခဲ့သည်။ ကိုလံဘီယာ ဘလက်ခ်ဟော့ခ် ရဟတ်ယာဉ်များကလည်း နိုင်ငံပိုင်နက်အတွင်းရောက်ရှိလာသည့် အီကွေဒေါရဟတ်ယာဉ်ကို ရေဒီယိုဖြင့် ဆက်သွယ်မှုရရှိရန် ကြိုးပမ်းသော်လည်း မအောင်မြင်ခဲ့ကြောင်း ကိုလံဘီယာသမ္မတရုံးက သတင်းထုတ်ပြန်သည်။

ကိုလံဘီယာတပ်ဖွဲ့များသည် မတ် ၁ရက်က သူပုန်စခန်းကို ဝင်ရောက်စီးနင်းမှုပြုရန် အီကွေဒေါ ပိုင်နက်ထဲသို့ ဝင်ရောက်ခဲ့ပြီးနောက် နှစ်နိုင်ငံ ဆက်ဆံရေးတင်းမာလာခဲ့သည်။ ယခုအချိန်ထိလည်း နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပြန်လည်မပြုလုပ်ရသေးကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်၌ လမ်းဘေးဗုံး နှစ်ကြိမ်ပေါက်ကွဲ အရပ်သား သုံးဦးသေဆုံးပြီး ၁၇ ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဧပြီ ၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဧပြီ ၂ ရက်က လမ်းဘေး ဗုံးပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားရာ အီရတ်ရပ်မြင်သံကြား ရိုက်ကူးသူတစ်ဦး အပါအဝင် ၁၇ ဦးဒဏ်ရာရရှိပြီး အရပ်သားသုံးဦး သေဆုံးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း အယ်လ်တယ်ဘီရာရပ်ကွက်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အရပ်သားသုံးဦး သေဆုံးပြီး အီရတ်လွတ်လပ်ရေး အယ်လ်ဒီရာ ဂြိုဟ်တုရုပ်မြင်သံကြားမှ ရိုက်ကူးသူ မေသမ်အီဘရာဟင် အပါအဝင် သုံးဦး ဒဏ်ရာရရှိကြောင်း ၄င်းဝန်ကြီးဌာနက ဆင်ဟွာသို့ ပြောကြားသည်။

မြို့တော်အရှေ့ဘက်တွင် အမေရိကန်ကျောထောက်နောက်ခံ ပြုထားသော အီရတ်လုံခြုံရေးတပ်ဖွဲ့နှင့်ရှီးယိုက်မာဒီ လက်နက်ကိုင် ပြည်သူ့စစ်များအကြား တိုက်ခိုက်မှုများ ဖြစ်ပွားနေသည်။

ဘဂ္ဂဒက်မြို့ မြောက်ဘက်ရှိ အယ်လ်ကွာဟီရာ ရပ်ကွက်တွင် ကင်းလှည့်နေသည့် ရဲတပ်ဖွဲ့ဝင်များ အနီး၌ နောက်ထပ် လမ်းဘေးဗုံး ပေါက်ကွဲမှု ဖြစ်ပွားရာ ရဲကားတစ်စီး ပျက်စီးပြီး ယာဉ်ပေါ်ပါ ရဲတပ်ဖွဲ့ဝင် သုံးဦး ဒဏ်ရာရရှိကြောင်း ၄င်းဌာနက ပြောကြားသည်။

၂၀၀၃ ခုနှစ်၌ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များ အီရတ်သို့ ကျူးကျော်ဝင်ရောက်ကတည်းက ယခုအချိန်အထိ အီရတ်သတင်းစာဆရာ ၂၅၀ ကျော် သေဆုံး ရကြောင်း အီရတ်နိုင်ငံသတင်းစာ ဆရာများအဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်၌ဗုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ကဘူး ဧပြီ ၃

အာဖဂန်နစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ နီမာရို့စ်ပြည်နယ်တွင် ဧပြီ ၁ ရက် ညနေ ၃ နာရီက ရဲဌာနချုပ်ကို ပစ်မှတ်ထားပြီး အသေခံဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုသည် ရဲဌာနချုပ် ဂိတ်ဝတွင် ဖြစ်ပွားခဲ့ကြောင်း၊ အရပ်သားများ သေကြေဒဏ်ရာ ရရှိမှု မရှိကြောင်း နီမာရို့စ်ပြည်နယ် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုတွင် ရဲတပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံးကြောင်း တာလီဘန်အဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်း၌ ရထားနှင့် ကုန်တင်ကားတိုက် ခြောက်ဦး သေဆုံး

ဗန်ကောက် ဧပြီ ၃

ထိုင်းနိုင်ငံအရှေ့ပိုင်း ရာယွန်ပြည်နယ်တွင် ဧပြီ ၂ ရက် မွန်းလွဲပိုင်းက ရထားနှင့် ကားလမ်းဆုံရာ နေရာတွင် လောင်စာတင်ရထားတွဲနှင့် ပစ်ကပ်ကားတို့ တိုက်မိရာ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးလေးဦး သေဆုံးပြီး မိန်းကလေးတစ်ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်ဟု နေးရှင်းသတင်းစာ ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

ရာယွန်ပြည်နယ် မက်တာပူဒ်ဒေသတွင် မွန်းလွဲ ၁နာရီမိနစ် ၂၀က ရထားနှင့်ကား တိုက်ခဲ့သည်။ အရှိန်ဖြင့်လာသောရထားက ရထားလမ်းကို ဖြတ်ရန် ကြိုးစားနေသည့် ပစ်ကပ်ကားကို ဝင်ရောက် တိုက်မိခြင်းဖြစ်သည်။ အခင်းဖြစ်ရာနေရာ၌ လူငါးဦး သေဆုံးပြီး ဆေးရုံပို့ဆောင်စဉ် လမ်း၌ အမျိုးသမီးတစ်ဦး ထပ်မံသေဆုံးသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ သုတေသန ဓာတ်ခွဲခန်းတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်ဆေး သုတေသန ပြုလုပ်နေသည်ကို ဧပြီ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ နိုင်ငံတကာရေးရာသတင်းများ

အမေရိကန်ဒီမိုကရက်တစ်ပါတီဝင်များအတွင်း အိုဘားမားအားထောက်ခံမှု အနည်းငယ်အားပျော့လာ

ဝါရှင်တန် ဧပြီ ၄

ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရရန် ယှဉ်ပြိုင်အရွေးခံနေသူ ဆီနိတ်တာ ဘာရက်အိုဘားမားအပေါ် ပါတီဝင်များ၏ ထောက်ခံခဲ့မှုအခြေအနေသည် မတ်လတွင် အနည်းငယ် အားပျော့လာသည်ကို တွေ့ရကြောင်း ဧပြီ ၃ ရက်တွင် ထွက်ပေါ်လာသော ပြည်သူ့သဘောထားစစ်တမ်းက ဖော်ပြသည်။

ထိုသဘောထားစစ်တမ်းကို နယူးယောက်တိုင်းမ်နှင့် စီဘီအက်သတင်းဌာနတို့က ပြုစုကောက်ခံခြင်းဖြစ်သည်။ ဒီမိုကရက်များ၏ အိုဘားမားအပေါ် ထောက်ခံမှုသည် ၆၂ ရာခိုင်နှုန်းသာရှိရာ ယခင်လကထက် ခုနစ်မှတ် လျော့ကျသွားသည်ကို တွေ့ရသည်။

ယခုနောက်ဆုံးစစ်တမ်းနှင့် ယခင်ပြုလုပ်ခဲ့သောစစ်တမ်းများအကြားတွင် အိုဘားမားသည် ၎င်း၏ယှဉ်ပြိုင်ဘက် နယူးယောက် ဆီနိတ်တာ ဟီလာရီကလင်တန်၏ တိုက်ခိုက်မှုများကို တုံ့ပြန်ချေဖျက်နေရသည်။

ယင်းကာလများတွင် အိုဘားမားက ကလင်တန် အပေါ်အသာရနေသည့် အခြေအနေသည်လည်း အတန်အသင့် ကျဆင်းလာသည်ဟု တိုင်းမ်သတင်းဌာန၏ လေ့လာမှုက ဖော်ပြသည်။

ဖေဖော်ဝါရီလစစ်တမ်းကောက်ယူစဉ်က အမျိုးသားထု၏ ၆၇ရာခိုင်နှုန်းက အိုဘားမားကို ထောက်ခံကြပြီး ကလင်တန်ကို ထောက်ခံသူဦးရေမှာ ၂၈ ရာခိုင်နှုန်းသာရှိသည်။ သို့သော် ယခုနောက်ဆုံး စစ်တမ်း၌မူ အမျိုးသားထု၏ အိုဘားမားအပေါ် ထောက်ခံမှုသည် ၄၇ ရာခိုင်နှုန်းသို့ ပြောင်းသွားပြီး ကလင်တန်အပေါ်ထောက်ခံမှုမှာ ၄၂ ရာခိုင်နှုန်းအထိ တက်လာသည်ကို တွေ့ရသည်။

ဧပြီ ၂၂ ရက်တွင် အကြိုအခြေခံသမ္မတလောင်း အမည်တင်သွင်းခွင့်ရရှိရေးအတွက် အိုဘားမားနှင့် ဟီလာရီကလင်တန်တို့သည် ပင်ဆယ်လ်ဗေးနီးယားပြည်နယ်၌ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဒီမိုကရက်တစ်ပါတီကို ကိုယ်စားပြုနိုင်မည့် အမေရိကန်နိုင်ငံ အကြိုအခြေခံသမ္မတလောင်း ယှဉ်ပြိုင်သူ ဆီနိတ်တာဘာရက် အိုဘားမားနှင့် ဆီနိတ်တာ ဟီလာရီကလင်တန်။

အမေရိကန်မှ ကက်ထရီနာ လေမုန်တိုင်းဒုက္ခသည်များ ယနေ့တိုင် ယာယီနေအိမ်များတွင် နေထိုင်နေရ

အော်လန်ဒို(ဖလော်ရီဒါ) ဧပြီ ၄

အမေရိကန် ပြည်ထောင်စုတွင် ကက်ထရီနာ ဟာရီကိန်း လေမုန်တိုင်း တိုက်ခတ်ပြီးနောက် သုံးနှစ်နီးပါး ကြာသည့် ယနေ့ကာလတိုင် မိသားစု ဝင် ၄၀၀၀၀ ခန့်သည် အမေရိကန် ပင်လယ်ကွေ့ ကမ်းခြေတစ်လျှောက်တွင် ယာယီနေအိမ်များနှင့် မော်တော်ယာဉ် နောက်တွဲများပေါ်တွင် နေထိုင်နေကြရကြောင်း၊ နောက်ထပ် ဟာရီကိန်း လေမုန်တိုင်း ကျရောက်မည့်ရာသီသို့ ရောက်ရန် နှစ်လမျှသာ လိုတော့ကြောင်း အမေရိကန် သဘာဝ ဘေးအန္တရာယ် ဌာနမှ ထိပ်တန်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

၎င်းလူဦးရေသည် ၂၀၀၆ ခုနှစ် ဧပြီလတွင် မိသားစုဝင် ၁၀၀၀၀၀ သို့တည်းမဟုတ် ၃၀၀၀၀၀ ခန့်မှ လျော့ကျသွားခဲ့ခြင်းဖြစ်သည်။ ၂၀၀၅ ခုနှစ် ဟာရီကိန်းလေမုန်တိုင်း တိုက်ခတ်သည့်ရာသီအတွင်း အမေရိကန် အရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီ (ဖီမာ) ကမိသားစုဝင် ၁၄၃၀၀၀ တို့ နေရန်အတွက် ရွှေ့ပြောင်းအိုးအိမ်နှင့် မော်တော်ယာဉ်နောက်တွဲများ ဖြည့်ဆည်းပေးခဲ့သည်။

ဖီမာက ရက်သတ္တတစ်ပတ်လျှင် မိသားစုဝင် ၈၀၀ ခန့်ကို ဟိုတယ်၊ မိုတယ်နှင့် အိမ်အခန်းများဆီသို့ ရွှေ့ပြောင်းပေးနေသည်ဟု ဖီမာ အုပ်ချုပ်ရေးမှူး ဒေးဗစ်ပေါ်လီဆန်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အငှားယာဉ်မောင်းအား လုယက်၊ သတ်ဖြတ်မှုဖြင့် အမေရိကန် ရေတပ်ဖွဲ့ဝင်တစ်ဦးအား ဂျပန်၌ဖမ်းဆီး

တိုကျို ဧပြီ ၄

အမေရိကန်ရေတပ်မှ တပ်ဖွဲ့ဝင်တစ်ဦးသည် ဂျပန်နိုင်ငံ ကန်နာဂါဝါဒေသ ယိုကိုဆူကာမြို့မှ အငှားယာဉ်မောင်း တစ်ဦးအား ဓားပြတိုက်ပြီး သတ်ဖြတ်ခဲ့မှုဖြင့် ဂျပန်ရဲတပ်ဖွဲ့က ဖမ်းဆီးကြောင်း ယိုကိုဆူကာမြို့မှ လာသည့် သတင်းများအရ သိရှိရသည်။

ဖမ်းဆီးခဲ့

အမေရိကန်ရေတပ်က အသက်(၂၂)နှစ်ရှိ အိုလာတွန်ဘိုဆွန် အမည်ရှိ တပ်ဖွဲ့ဝင်ကို ဂျပန်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးရန် သဘောတူခဲ့သည်။ ၎င်းသည် သာမန် တပ်သားအဆင့်ရှိသူဖြစ်ပြီး ယိုကိုဆူကာမြို့ အခြေစိုက်သည့် အမေရိကန် စစ်သင်္ဘော အုပ်စုမှ ဖြစ်သည်။

ဂျပန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး သောမတ်စ်ရှီင်ဖာနှင့် ဂျပန်ရှိ အမေရိကန်ရေတပ် တပ်မှူး ဗိုလ်ချုပ် ဂျိမ်းစ်ကယ်လီတို့က ယိုကိုဆူကာမြို့တော်ဝန် ရှိုင်အိချီကာဘာယာနှင့် တွေ့ဆုံစဉ် အမေရိကန်ရေတပ်သား၏ပြစ်မှုအတွက် ဝမ်းနည်းကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။

ဂျပန်ရဲတပ်ဖွဲ့က ဖမ်းဝရမ်းရရှိပြီး အိုလာတွန်ဘိုဆွန်ကို လူသတ်မှု၊ ဓားပြတိုက်မှုတို့ဖြင့် ဖမ်းဆီးခဲ့သည်။

ဂျပန်နိုင်ငံသား အငှားယာဉ်မောင်းသည်ဓားဒဏ်ရာများဖြင့် ယိုကိုဆူကာမြို့ရှိ မော်တော်ယာဉ်အတွင်း မတ်လ ၁၉ ရက်က သေဆုံးနေသည်ကို တွေ့ရှိခဲ့သည်။

အဆိုပါ မော်တော်ယာဉ်အတွင်း ကြွေးစာရင်းကတ်ပြားတစ်ခု တွေ့ရှိခဲ့ပြီး ယင်းကတ်ပြားပိုင်ရှင်ကို ဖော်ထုတ်နိုင်ခဲ့သည်။ ယခုအချိန်တွင် ရေတပ်ဖွဲ့ဝင်မှာ ရှောင်တိမ်းလျက်ရှိသည်။ ယင်းနောက်၎င်းသည် မတ်လ ၂၂ ရက်တွင် ရေတပ်အခြေစိုက်စခန်းရှိ အာဏာပိုင်များထံသို့ လာရောက်အဖမ်းခံခဲ့သည်။

အငှားယာဉ်မောင်းသည် မာဆာကီတာကာဟာရှိ ဆိုသူဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် စားနပ်ရိက္ခာ အခက်အခဲဖြစ်၍ တပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် ရိက္ခာဖြန့်ဝေနေသည်ကို ဧပြီ ၄ ရက်က တွေ့ရစဉ်။ အင်တာနက်။

ယီမင်တွင် ဆန္ဒပြမှုများ ဖြစ်ပွားခဲ့စဉ် ဒဏ်ရာရရှိသူတစ်ဦး သေဆုံး

ဆန်နာ ဧပြီ ၄

ယီမင်အစိုးရတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများ ဗုဒ္ဓဟူးနေ့က တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာမှ ထိခိုက်ဒဏ်ရာရသူ ငါးဦးအနက် တစ်ဦး သေဆုံးခဲ့ကြောင်း ယီမင်နိုင်ငံ တောင်ပိုင်းဒေသရှိ မြို့များမှ ဒေသခံများက ပြောကြားသည်။

ဆန္ဒပြသူ သေဆုံးသည့်သတင်းကို လုံခြုံရေးဌာနကငြင်းဆန်ပြီး ရုတ်ရုတ်သဲသဲဖြစ်ပွားမှုတွင် ပါဝင်သည့် အဖျက်သမားများ အနေဖြင့် ဥပဒေအရ အရေးယူခံရမည်ဟု ပြောကြားကြောင်း တရားဝင် ဆာဘာသတင်းဌာနက ဖော်ပြသည်။

အဆိုပါ အဖျက်သမားများက အပြစ်ကင်းသည့် အလုပ်သမားများအား တိုက်ခိုက်ခဲ့ပြီး ဆိုင်များနှင့် ပြည်သူများ၏ ပစ္စည်းဥစ္စာများကို လုယက်ခဲ့ကြသည်ဟု သတင်းဌာနက ဖော်ပြသည်။

ဆန္ဒပြသူများက ပြည်သူလူထု၏ စည်းစိမ်ဥစ္စာများကို အတင်းဖျက်ဆီးနေသဖြင့် အစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့ကာ တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ဟု အခြားလုံခြုံရေးဌာနက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဆင်းရဲမှုနှင့် အလုပ်လက်မဲ့ ဖြစ်မှုများကြောင့် ယီမင်နိုင်ငံ တောင်ပိုင်းဒေသမှ ပြည်သူအများစုက မကျေမနပ်ဖြစ်လျက်ရှိနေကြသည်။

အမ်အင်အေ၊ရိုက်တာ။

ဘရာဇီးနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ပြန့်ပွားနေသဖြင့် ဆေးတပ်ဖွဲ့များက ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် ဝင်ရောက်ကူညီနေသည်ကို ဧပြီ ၃ ရက်က တွေ့ရစဉ်။

(အင်တာနက်)

ခင်ပွန်းက မိကျောင်းနှင့်နပန်းလုံး၍ ဇနီး၏အသက်ကို ကယ်တင်

ဒါဝင် ဧပြီ ၄

ဇနီးဖြစ်သူကို မိကျောင်းက ရေထဲသို့ ဆွဲချသွားသဖြင့် ခင်ပွန်းဖြစ်သူက မိကျောင်း၏ကျောပေါ်သို့ ခုန်တက်ပြီး နပန်းလုံးကာ မိကျောင်း၏မျက်လုံးကို လက်သီးဖြင့် အကြိမ်ကြိမ်ထိုးသဖြင့် ဇနီးသည်မှာ မိကျောင်းပါးစပ်မှ လွတ်လာသည့်ဖြစ်ရပ် ဧပြီလ ၃ ရက်က သြစတြေးလျနိုင်ငံမြောက်ပိုင်း ဒါဝင်မြို့အနီးတွင် ဖြစ်ပွားခဲ့သည်။

ရေအိုင်အတွင်းဆွဲချ

ဒါဝင်မြို့တောင်ဘက် လစ်ချ်ဖီးလ်အမျိုးသားဘေးမဲ့ဥယျာဉ်၌ ဖြစ်ပွားခြင်းဖြစ်သည်။ ဥယျာဉ်အတွင်း လာရောက်လည်ပတ်ရင်း ရေခပ်နေသည့် အသက် (၃၆)နှစ်အရွယ်ရှိ ဝင်ဒီပက်သရစ်ချ်၏ ပေါင်ကို ရှစ်ပေခန့်ရှိသော မိကျောင်းကြီးက ကိုက်ကာ ရေအိုင်အတွင်းဆွဲချရန် ကြိုးပမ်းသည်။

ယင်းဒေသရှိ မိကျောင်းများမှာ အန္တရာယ်ပေးတတ်ပြီး ဆိုးသွမ်းကြကြောင်း ဒေသခံစတီဗီလန်ဒက်က ပြောကြားသည်။

မိကျောင်းကိုက်သည့်ဒဏ်ရာ ရရှိထားသော်လည်း ဝင်ဒီသည် အဖြစ်အပျက်များကို တည်တည်ငြိမ်ငြိမ်ပင် ပြန်လည်ပြောပြနိုင်ခဲ့သည်။

ဒါဝင်မြို့အနီး လစ်ချ်ဖီးလ် အမျိုးသားဘေးမဲ့ဥယျာဉ်ဒေသတွင် မိကျောင်းကိုက်ခံရသည့် ဖြစ်ရပ်မှာ မထူးဆန်းတော့ကြောင်း၊ နှစ်စဉ် အဆိုပါဒေသရှိ ဆေးရုံသို့ မိကျောင်းကိုက်ခံရ၍ ရောက်လာသော လူဦးရေသည် သုံးဦးမက ရှိကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အဖျက်လုပ်ရပ်မှန်သမျှ ဖော်ထုတ်တားဆီး ဖယ်ရှားသွားကြရမည်

လေ့လာသူတစ်ဦး

အနာဂတ်ကို မှန်းဆလိုလျှင် အတိတ်ကိုသုံးသပ်ပါ (Study the past if you would divine the future) ဆိုတဲ့ စကားကို အလေးထား သင့်ပါတယ်။ မြန်မာ့နိုင်ငံရေးခရီးမှာ လက်ဝဲအစွန်းရောက် တရားသေ ဝါဒသမားတွေရဲ့ဒဏ်ကို ပြည်သူတွေ မရှုမလှခံခဲ့ရတာ ယနေ့ထက်တိုင်ပဲ ဖြစ်တယ်။

၁၉၄၇-၄၈ခုနှစ်ကာလမှာ လွတ်လပ်ရေးဆိုတာ တောင်းယူလို့ မရဘူး၊ တိုက်ယူမှရမယ်ဆိုတဲ့ ကြွေးကြော်သံနဲ့ မြန်မာကွန်မြူနစ်တွေ တစ်စခန်းထခဲ့ကြတယ်။

အလံနီကွန်မြူနစ်တွေက ပခုက္ကူမြို့နယ် ဆင်စွယ်ရွာမှာ ရွာလုံးကျွတ် လူသတ်ပွဲကြီးလုပ်ခဲ့တယ်။ ပြည်သူလူထုကို ဦးတည်တိုက်ခိုက်ကာ သတ်ဖြတ်ခဲ့တာပါပဲ။ အလံနီ ကွန်မြူနစ်တွေလိုပဲ ဗကပ (အလံဖြူ ကွန်မြူနစ်)ကလည်း ပဲခူးတိုင်း ပေါက်ခေါင်းနယ်မြေမှာ ဒေသခံ တောင်သူလယ်သမားနဲ့ ကျေးလက်ပြည်သူတွေကို အစိုးရလူလို့ စွပ်စွဲပြီး တိုက်ခိုက်သတ်ဖြတ်ခဲ့တယ်။

KNU တို့၊ KNDO တို့ဆိုတာကလဲ ဒီပုတ်ထဲက ဒီပဲတွေပါပဲ။ မြစ်ဝကျွန်းပေါ်ဒေသမှာ ရွာသူ၊ ရွာသားတွေကို စိတ်မထင်တိုင်း သတ်ဖြတ် အကြမ်းဖက်ခဲ့ကြတယ်။ ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခဲ့တယ်။ ရထားတွေကို အကြိမ်ကြိမ် မိုင်းခွဲတိုက်ခိုက်ခဲ့တယ်။

ရှမ်းပြည်နယ်ဘက်မှာလည်း SSA-S ဆိုတာ ရာဇဝင်လူဆိုးပါ။ မီးသွေးကုန်းရွာမှာ ရွာလုံးကျွတ် တုတ်နဲ့ရိုက်သတ်ခဲ့တယ်။ ခရီးသည်တင် ကားတွေကို ဓားပြတိုက်လုယက်ရုံမက အမျိုးသမီးတွေကို အစုလိုက် အပြုံလိုက် အနိုင်ကျင့်စော်ကားခဲ့ကြတယ်။

အဲဒီလို **လူ့ယဉ်ကျေးမှုနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပြီး ထင်ရာစိုင်းခဲ့ကြတဲ့ သောင်းကျန်းသူ အဖျက်သမားတွေဟာ တောထဲတောင်ထဲမှာ လက်ရဲဇက်ရဲ လူသတ်ပွဲဆင်နွှဲရာကနေ မြို့ပေါ်တက်ပြီး ပြည်သူလူထုကို အမဲဖျက်ဖို့ လုပ်လာခဲ့ကြပြန်တယ်။ ဒါကြောင့် သန်လျင် ရေနံချက်စက်ရုံ ဗုံးဖောက်ခွဲမှု၊ မြို့တော်ခန်းမ ဗုံးဖောက်ခွဲမှု၊ မန္တလေး ဈေးချို ဗုံးဖောက်ခွဲမှု၊ ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ပွဲ ဗုံးဖောက်ခွဲမှုနဲ့ ရန်ကုန်မြို့ လူစည်ကားရာ သုံးနေရာ ဖောက်ခွဲမှုတွေ ကျူးလွန်ခဲ့ကြတယ်။**

ဒီနေရာမှာ သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ တာဝန်သိ ပြည်သူတွေရဲ့ ပူးပေါင်းဖော်ထုတ်နိုင်မှုနဲ့ ကြိုတင်ကာကွယ် စောင့်ရှောက်ပေးမှုတွေကြောင့် လူအသေအပျောက်နဲ့ အပျက်အစီး အဆုံးအရှုံး နည်းခဲ့တာပါ။ အဆီးအတားမရှိဘူး၊ ကြိုတင်ကာကွယ်မှုသာ မရှိဘူးဆိုရင် ဒီထက် အဖြစ်ဆိုးတွေနဲ့ တိုးရမှာဖြစ်တယ်။

ဘာကြောင့်လဲဆိုရင် အကြမ်းဖက်အဖျက်သမားတွေက မြေပေါ်မှာ နိုင်ငံရေးသမား၊ မြေအောက်မှာ ဖောက်ခွဲဖျက်ဆီးရေးသမားဆိုတဲ့ အသွင် ဆောင်ထားလို့ပဲဆိုတာ တွေ့နေရလို့ပါပဲ။ သောနတ္တိုရုံမုဆိုးလို လူစားတွေ ဖြစ်နေလို့ပါပဲ။

သူတို့ဟာ တစ်ဖက်က ဒီမိုကရေစီရေးကြွေးကြော်ပြီး အခြားတစ်ဖက်က အကြမ်းဖက် မင်းမဲ့စရိုက်နဲ့ လှုပ်ရှားနေတာဖြစ်ပါတယ်။အမှုမဲ့ အမှတ်မဲ့ နေသူတိုင်း ကျောချမှ ဓားပြမှန်းသိရမယ့်ကိန်းဖြစ်နေပါပြီ။

ဒီအကြောင်းတွေကို အထောက်အထားမဲ့ ရေးသားနေတာ မဟုတ်ပါဘူး။ သတင်းစာရှင်းလင်းပွဲ မှတ်တမ်းတွေ၊ ခိုင်လုံတဲ့ သက်သေ အထောက်အထားတွေကို လေ့လာပြီး ပြည်သူတွေ ကြိုတင်သိထား၊ ရှောင်ရှားနိုင်ကြဖို့ တင်ပြရတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မတ်လအတွင်းက ABSDF နဲ့ KNPP သောင်းကျန်းသူ အဖွဲ့က ပူးပေါင်းစေလွှတ်ထားတဲ့ ဖောက်ခွဲဖျက်ဆီးရေးသမားတစ်ဦးကို ဖောက်ခွဲဖျက်ဆီးရေး ဆက်စပ်ပစ္စည်းအချို့နဲ့အတူ ဖမ်းဆီးရမိခဲ့ကြောင်း ကြားသိလိုက်ရတယ်။ အဲဒီ ဖောက်ခွဲဖျက်ဆီးရေးသမားနဲ့ အဖွဲ့ဟာ ၂၀၀၄ ခုနှစ်က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း ဇော်ဂျီဟောက်စ် စားသောက်ဆိုင် ဗုံးဖောက်ခွဲမှု၊ အဲဒီနေ့မှာပဲ ဆူးလေဘုရားလမ်းရှိ နေပြည်တော် ရုပ်ရှင်ရုံရှေ့ အငှားယာဉ်ပေါ်မှာ ချိန်ကိုက်ဗုံး ထည့်ထားခဲ့မှု၊ ၂၀၀၅ခုနှစ်က တောင်ဥက္ကလာပ ပါရမီကားဝင်းအတွင်း ဖုဆိုယာဉ်ပေါ်မှာ ချိန်ကိုက်ဗုံး ဖောက်ခွဲမှုတွေ ကျူးလွန်ခဲ့ရာမှာ ပါဝင်ပတ်သက်ခဲ့ကြောင်း သိရှိရပါတယ်။

ဒီဖောက်ခွဲဖျက်ဆီးရေးသမားကို ဖမ်းဆီးဖော်ထုတ်မှု မပြုနိုင်ခဲ့ရင် ပြည်သူလူထု ဘယ်ရွေ့ဘယ်မျှ အသက်ပေးရဦးမယ်ဆိုတာ မတွေးရဲတော့ပါဘူး။

အလားတူပဲ တစ်ဖက်နိုင်ငံကိုရောက်ပြီး ဖောက်ခွဲဖျက်ဆီးရေး သင်တန်း တက်ခဲ့သူ NLD လူငယ်အဖွဲ့ဝင်တစ်ဦးကို မတ်လကုန်ခန့်က ဖောက်ခွဲဖျက်ဆီးရေး ဆက်စပ်ပစ္စည်းအချို့နဲ့အတူ ဖမ်းဆီးရမိလိုက်ကြောင်း ကြားသိရပြန်တယ်။ ဖောက်ခွဲဖျက်ဆီးရေးသမားတွေဟာ နိုင်ငံအတွင်း လူစည်ကားရာ၊ အချက်အချာကျရာ နေရာတချို့ကို ပစ်မှတ်ထားပြီး ပြည်သူလူထု အထိတ်တလန့်ဖြစ်အောင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေ လုပ်ဆောင်မယ်လို့ ကြိုတင်သတင်းတွေ ရရှိထားတဲ့အတွက် အခု ဖမ်းဆီးမိတဲ့ အဖွဲ့တွေဟာလည်း လူစုလူဝေး များပြားမယ့် သင်္ကြန်ကာလနဲ့ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပမယ့် နေရာတွေကို ကြံစည်လုပ်ဆောင်ဖို့ ရည်မှန်းချက်ထား ဝင်ရောက်လာတာလို့ မှန်းဆသိရှိနိုင်ပါတယ်။ နောက်ထပ် သူတို့လို ဖောက်ခွဲရေးသမားတွေ ရှိနေဦးမှာပါပဲ။

အကြမ်းဖက် အဖျက်သမားတွေဟာ မြေအောက်မှာ၊ နယ်စပ်ဒေသမှာသာ ရှိနေတာ မဟုတ်တော့ပါဘူး။ သူတို့ဟာ မြေပေါ်မှာ၊ မြို့ပေါ်တွေမှာ ဒီမိုကရေစီမျက်နှာဖုံးစွပ်ပြီး လှုပ်ရှားနေကြတာ ဖြစ်ပါတယ်။ သူတို့ဟာ အစိုးရကိုဆန့်ကျင်တဲ့ ပုံစံယူအသွင်ဆောင်ပြီး ပြည်သူလူထုကို တိုက်ခိုက်သတ်ဖြတ်ဖို့အထိ ဝန်မလေးတော့ဘဲ လက်ရဲဇက်ရဲ လုပ်ဆောင်လာတာ ဖြစ်ပါတယ်။

အကြမ်းဖက်အဖျက်သမားမှာ တရားမရှိပါဘူး။ အကြမ်းဖက်လူဆိုးတွေမှာ ဆွေမျိုးမရှိပါဘူး။ အကြမ်းဖက် ရာဇဝတ်ကောင်ဟာ အမှောင်ထဲမှာ အမြဲပျော်နေသူတွေပါ။ဒါကြောင့်မို့ပြည်သူလူထုအနေနဲ့ အကြမ်းဖက်အဖျက်သမားတွေကို သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့အတူ ကြိုတင်ဖော်ထုတ် တားဆီးဖယ်ရှားသွားမှသာ အန္တရာယ်ကင်း ဘေးရှင်းနိုင်မှာဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

> အကြမ်းဖက်အဖျက်သမားမှာ တရားမရှိပါဘူး။ အကြမ်းဖက်လူဆိုးတွေမှာ ဆွေမျိုးမရှိပါဘူး။ အကြမ်းဖက် ရာဇဝတ်ကောင်ဟာ အမှောင်ထဲမှာ အမြဲပျော်နေသူတွေပါ။ ဒါကြောင့်မို့ ပြည်သူလူထုအနေနဲ့ အကြမ်းဖက် အဖျက်သမားတွေကို သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့အတူ ကြိုတင်ဖော်ထုတ် တားဆီးဖယ်ရှားသွားမှသာ အန္တရာယ်ကင်း ဘေးရှင်းနိုင်မှာဖြစ်။

သန်လျင်မြို့နေ ကိုမိုးသူရ-မတိုးလှလှစိုးမိသားစုက ကြေးပြား ငါးချပ် တန်ဖိုးငွေကျပ် ၁၂၅၀၀၀ ကို ကြေးပို့ဧကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဉာဏ (အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ) ထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

(က-ပ)

စာသင်သာမဏေများအတွက် ခုတင်များ လှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၄

ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)က အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် ဝါခင်းတောင်ကျောင်းတိုက်မှ စာသင်သား သာမဏေများနှင့် ဒုလ္လဘရဟန်းများ သီတင်းသုံးရန် ငါးထပ်သား ခုတင် ၁၈လုံး လှူဒါန်းနိုင်ရန် ဆောင်ရွက်နေပြီဖြစ်ရာ ငါးထပ်သားခုတင်၊ ဆေးသုတ်၊ အလှူရှင် ကမ္ပည်းအပါအဝင် တစ်လုံး ငွေကျပ် ၂၅၂၀၀ ဖြင့် လှူဒါန်းလိုသူများသည် ဧပြီ ၁၀ရက် နောက်ဆုံးထား၍ ဝါခင်းတောင်ဆရာတော် ဖုန်း-၀၁-၆၄၂၈၂၁၊ ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန်မြို့နယ် ဖုန်း- ၆၄၂၈၅၈၊ ၆၄၀၄၈၇၊ ၆၄၀၄၈၉ တို့သို့ ဆက်သွယ်နိုင်ပြီး ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့) မွန်းလွဲ ၂ နာရီတွင် ခုတင်အလှူရှင်များအား ရေစက်ချပွဲ အခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်ကပ်

ရခိုင်ပြည်နယ်မှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ဂုဏာဝိသိဋ္ဌပူဇာမင်္ဂလာ အခမ်းအနားကို မတ် ၂၂ရက်က ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်မွှာရုံ၌ ကျင်းပရာ နိုင်ငံတော်မှ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈)ဖြင့် ဆက်ကပ်လှူဒါန်းခဲ့သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ရခိုင်နွယ်ဖွားရခိုင်ပြည်နယ်မှ သံဃာတော် ၁၉ပါးနှင့် သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်ငါးဦးတို့အနက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးအား အဂ္ဂမဟာ သီရိသုဓမ္မဓဇာဓိဓောတရေ ဦးကျော်မင်း ဂုဏ်ပြုချီးကျူးမှတ်တမ်းလွှာ ဆက်ကပ်စဉ်။

(က-ပ)

ချောက်မြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဧပြီ ၄

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ချီးမြှင့်ဆက်ကပ်ခြင်းခံရသော မကွေးတိုင်း ချောက်မြို့ မင်္ဂလာသာစည်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာသာမိအား ချီးကျူးပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ချောက်မြို့နယ်အသင်း (ရန်ကုန်)၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဧပြီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ဗဟန်းကြားတောရလမ်းမပေါ်ရှိ တရားရုံးချုပ်မွှာရုံ၌ ကျင်းပမည်ဖြစ်သဖြင့် ချောက်မြို့နယ်အသင်းဝင်များနှင့် ချောက်မြို့နယ်သူ၊ မြို့နယ်သားအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။(က-ပ)

တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း မြို့ပတ်ရထားလမ်းတစ်လျှောက် စစ်ဆေး

ရထားလမ်းနှင့်ဘူတာရုံများကြံ့ခိုင်ရေး၊ သန့်ရှင်းရေး၊ လုံခြုံရေး ဆက်လက်ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည်တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၃ ရက် နံနက် ၆နာရီခွဲတွင် ရန်ကုန်ဘူတာကြီးသို့ရောက်ရှိပြီး မြို့ပတ်အထူးရထားဖြင့်မြို့ပတ် ရထားလမ်းတစ်လျှောက်ရထားသံလမ်းများကြံ့ခိုင်မှုအခြေအနေ၊ရထားလမ်း၏လမ်းဘေးဝဲ၊ယာသန့်ရှင်းသာယာလှပမှု၊ဘူတာဝန်းကျင်သန့်ရှင်းသာယာလှပမှု၊စားဖိုဆောင်သီးနှံစိုက်ခင်းများ စိုက်ပျိုးထားရှိမှု၊ ရထားလမ်းကူးတံတားများ အခြေအနေနှင့် ရထားလမ်းဘူတာရုံများ လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်းမြို့ပတ်အထူးအမြန်ရထားဖြင့်မြို့ပတ်ရထားလမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့မီးရထား အထွေထွေမန်နေဂျာ(အောက်မြန်မာပြည်)ဦးမြင့်ဝေနှင့် ခရိုင်နှင့်မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ရှင်းလင်းတင်ပြကြပြီးတိုင်းမှူးကလိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ရန်ကုန် ဘူတာကြီး ဧည့်ခန်းမ၌ တိုင်းမှူးက ရန်ကုန်မြို့ပတ်ရထားလမ်း တစ်လျှောက်နှင့် ဘူတာရုံများ သန့်ရှင်းသာယာလှပရေးအတွက်ပူးပေါင်းဆောင်ရွက်ခဲ့ကြသော ရပ်ကွက်များနှင့် ဘူတာရုံများကို ပြိုင်ပွဲပြုလုပ်၍ သုံးလပတ်တစ်ကြိမ် ဆုချီးမြှင့်သွားရေး၊ ရထားလမ်းနှင့် ဘူတာရုံများ ကြံ့ခိုင်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် လုံခြုံရေးများကို အရှိန်အဟုန်မပြတ် ဆက်လက် ဆောင်ရွက်သွားရေး၊ သန့်ရှင်းသပ်ရပ်ပြီး ခရီးသည် ပိုမိုတင်ဆောင်နိုင်သော လူစီးတွဲများဖြင့် အချိန်မှန် ပြေးဆွဲသွားနိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေပြည်သာမြို့နယ်၊၆/၁၀ရပ်ကွက်၊ချင်းတွင်းလမ်းရှိသဲအင်းဂူသာသနာ့ရိပ်သာ၊နယ်ရိပ်သာအမှတ်(၄)ပဓာနနာယကဆရာတော်ဓမ္မာစရိယဘဒ္ဒစန္ဒောဘာသ(စစ်ကိုင်းဆုလာဘ်)အမိန့်ရှိဖြင့်အနယ်နယ်အရပ်ရပ်ရှိစာပေစာနယ်ဇင်းအဖွဲ့ဝင်များ စုပေါင်းဒုလ္လဘရဟန်းဝတ်ပွဲကို မတ်၂၁ရက်မှ၂၇ရက်အထိ ပြုလုပ်ရာ ပဓာနနာယကနှင့် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဒုလ္လဘရဟန်းတော်များအား တွေ့ရစဉ်။ (၂၃)

မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သမိုင်းမြို့မ ပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသောအသောကဓမ္မဗိမာန်လေးထပ်ကျောင်းဆောင်ကြီးအတွက် ဦးမြင့်ဆွေမိသားစုက အလှူတော်ငွေကျပ်သုံးသိန်း လှူဒါန်းစဉ်။ (က-ပ)

ဓမ္မဗိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆုအတွက် ပြိုင်ပွဲဝင်စာမူများ ခေါ်ယူ

ရန်ကုန် ဧပြီ ၄

ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်၍ ဆရာတော် ဘဒ္ဒန္တသာသနဝရ (ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ) တည်ထောင်သော "ဓမ္မဗိမာန်စာပေဆုနှင့်ဆန်းလွင်စာပေဆု"များကို စိတ်ပါဝင်စားသူ ရဟန်းရှင်လူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားပြီး သာသနာ့သမိုင်းစာပေဆု(ပ-ဒု-တ)၊ အထွေထွေဓမ္မစာပေဆု(ပ-ဒု-တ)၊ ဗုဒ္ဓတရားတော်အင်္ဂလိပ်ဘာသာ စာပေဆု(ပ-ဒု-တ)၊ ဓမ္မယဉ်ကျေးမှုစာပေဆု(ပ-ဒု-တ)၊ပိဋကတ်ကျမ်းစာသုတေသနစာပေဆု(ပထမဆု)၊ ပုံနှိပ်ပြီးဓမ္မစာပေဆု (ပထမဆု)နှင့် ဓမ္မာစရိယနှင့် ပါဠိပထမပြန်ပထမဆု(၈)ဆု အမျိုးအစားခုနစ်မျိုးတို့ကို ဆုရွေးချယ်မည် ဖြစ်သည်။

ဓမ္မာစရိယနှင့်ပါဠိပထမပြန်ပထမဆုများကို ၂၀၀၈-၂၀၀၉ခုနှစ် စာမေးပွဲမှ အထူးအောင် ရဟန်း၊ သာမဏေ၊ သီလရှင်ပထမဆုရသူများအား ချီးမြှင့်ပြီး ပုံနှိပ်ပြီး ဓမ္မစာပေဆုကို ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေသည့် ဓမ္မစာပေ စာအုပ်များထဲမှ ရွေးချယ်မည်ဖြစ်သည်။ ယှဉ်ပြိုင်လိုသူများသည် ဓမ္မဗိမာန်သို့ လိပ်မူ၍ စာအုပ်(၂)အုပ် ပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်စာမူများကို ၂၀၀၉ ခုနှစ် စက်တင်ဘာ ၃၀ ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ပုံစံများကို ဓမ္မဗိမာန် အမှတ်(၆၀၆)၊ ဒုတိယထပ်၊ ၅ လမ်းနှင့် ၆ လမ်းကြား ကမ်းနားလမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၃၃၅၉နှင့် ၃၈၅၁၉၃ တို့သို့ အခမဲ့လာရောက်ထုတ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မွန်သင်္ကြန်ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၄

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)၏ (၃၅)ကြိမ်မြောက် အသက်(၇၅)နှစ်နှင့် အထက်၊ အဘိုးအဘွားများအား ရိုးရာစဉ်လာမပျက် သင်္ကြန်ပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို(နှစ်ဆန်း၁ရက်)ဧပြီ ၁၇ ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင်အမှတ်(၁၅၉)၊ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ ကျင်းပမည်။ နံနက် ၇နာရီမှစ၍ မွန်ရိုးရာသင်္ကြန်ထမင်းနှင့် ရိုးရာအကများဖြင့် ဧည့်ခံဖျော်ဖြေမည်။ ၂၀၀၇ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသူ၊ ကျောင်းသားများနှင့် စာပေသင်တန်း၌ ဆုရရှိသူများအား ဂုဏ်ပြုဆု ချီးမြှင့်မည်ဖြစ်ပါ၍ နိုင်ကျော်လင်း မွန်ဓမ္မာရုံ(ဖုန်း-၃၇၅၅၉၀)သို့ ဧပြီ ၈ ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ကြွရောက်အားပေးကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မဟာသင်္ကြန်အထူးတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာန မဟာနာယက နိုင်ငံတော်သြဝါဒါစရိယ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ဓမ္မသာရမဟာထေရ်ဆရာတော်ကြီး ကိုယ်တိုင်ဦးစီး၍ မဟာသင်္ကြန်(၁၀)ရက်အဓိဋ္ဌာန် အထူးတရားစခန်းကို ဧပြီ ၁၁ ရက်မှ ၂၀ ရက်အထိ ဟောကြားပြသပေးမည်ဖြစ်ပါ၍ ဒုလ္လဘရဟန်း၊ သာမဏေ၊ သီလရှင်ဝတ်လိုသော ပုဂ္ဂိုလ်များသည် ဧပြီ ၁၀ ရက် ညနေ ၃ နာရီ အရောက်လာ၍ အဓိဋ္ဌာန်တရားစခန်း ဝင်လိုသူယောဂီများသည် ညနေ ၅ နာရီအရောက် လာရောက်ကြမည်ဖြစ်ကြောင်းနှင့် လစဉ်ပုံမှန် ဖွင့်နေကျ တန်ခူးလ တရားစခန်းကို ဧပြီ ၂၄ ရက်သို့ ပြောင်းထားသည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဧပြီ ၂၃ ရက် ညနေ ၅နာရီအရောက် လာရမည်ဖြစ်ကြောင်း သိရသည်။ အသေးစိတ်သိလိုပါက ဖုန်း-၆၃၅၀၂၇၊ ၆၃၅၄၂၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ရတနာဉာဏ်ရောင်ရိပ်သာ သင်္ကြန် ၁၀ ရက်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ကြည်စုရပ်ကွက် ရတနာဉာဏ်ရောင် ဓမ္မရိပ်သာကျောင်းတိုက် အမေရိကန်နိုင်ငံ Daly City မြို့ ရတနာဉာဏ်ရောင် ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တတေဇဝန္တ (ကမ္မဋ္ဌာနာစရိယ)၏ သြဝါဒကို ခံယူကာ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန် ၁၀ ရက် တရားစခန်းပွဲကို တန်ခူးလဆန်း ၃ ရက်မှ နှစ်ဆန်း ၁ ရက်အထိ ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်း ဝင်လိုသူ ယောဂီများနှင့် ဒုလ္လဘရဟန်း၊ သာမဏေ၊ သီလရှင်ဝတ်လိုသူများ၊ အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ အအေး ဆက်ကပ်လိုသူများ ရိပ်သာ ဖုန်း-၅၄၃၃၅၅ သို့ ဆက်သွယ်စာရင်း ပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပန်းတစ်ပွင့်တောင် သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၄

တိုက်ကြီးမြို့နယ်ရှိ ပန်းတစ်ပွင့်တောင် သာသနာပြု တောရကျောင်းတိုက်တွင် သင်္ကြန်ခုနစ်ရက် တရားစခန်းပွဲကို ဧပြီ ၁၂ ရက်မှ ၁၈ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ ပန်းတစ်ပွင့်တောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသာရ အရှင်မြတ်က တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)



ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမန္တလေးတိုင်းရုံးမှဦးစီးအရာရှိဦးဝင်းအောင်ခေါင်းဆောင်သောအဖွဲ့နှင့်မီးသတ်ဦးစီးဌာနမှတပ်ကြပ်ကြီးဝင်းသောင်းတို့ပါဝင်သောအဖွဲ့သည် ဧပြီ ၁ရက်ကသီရိမန္တလာယာဉ်ရပ်နားစခန်း၌ခရီးသည်တင် ယာဉ်များအားသတ်မှတ်ယာဉ်လိုင်စင်၊လုပ်ငန်းလိုင်စင်ရှိ၊မရှိစစ်ဆေးခြင်း၊ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာပြေးဆွဲရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အတွက်မီးသတ်ဆေးဘူးများတပ်ဆင်ခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးစဉ်။ (ကုန်းလမ်းပို့ဆောင်ရေး)

အတုလမဂ္ဂ သင်္ကြန်အထူးတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် နွယ်ခွေစံပြကျေးရွာ အတုလမဂ္ဂကမ္မဋ္ဌာန်းရိပ်သာကျောင်းတွင်(၆)ကြိမ်မြောက် သင်္ကြန်တွင်း အထူးတရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ပါ၍ ဧပြီ ၁၀ ရက် (ကြာသပတေးနေ့) ညနေအရောက် ယောဂီများလာရောက်ရမည်ဖြစ်သည်။

တရားစခန်းပွဲတွင် ဘဒ္ဒန္တထေရဝံသာဘိဝံသ အကျိုးတော်ဆောင်ဆရာတော် စမ်းချောင်းမြို့နယ် သံဃနာယကအဖွဲ့၊ ဘဒ္ဒန္တသုမန (သာသနာ့ဓဇဓမ္မာစရိယ)ဒေါနခြံအုဦကျောင်းဘုရားကြီးတိုက်မန္တလေးမြို့၊ဘဒ္ဒန္တဉာဏိဿရ (မဟာဂန္ထဝါစကပဏ္ဍိတ) အကျိုးတော်ဆောင်ဆရာတော် မရမ်းကုန်းမြို့နယ် သံဃနာယကအဖွဲ့၊ ဘဒ္ဒန္တကုမာရ M.A(ကိုလံဘို) သိမ်ကုန်းပရိယတ္တိစာသင်တိုက် ကျောက်တန်းမြို့၊ ဘဒ္ဒန္တသုနန္ဒ(မဋ္ဌူကျောင်းရန်အောင်တိုက် မြောက်ဥက္ကလာပ)နှင့် အတုလမဂ္ဂကမ္မဋ္ဌာန်းရိပ်သာကျောင်း နွယ်ခွေစံပြကျေးရွာ မင်္ဂလာဒုံမြို့နယ် ပဓာနနာယက ဆရာတော်တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက် ကြောင်းတရားတော်များကို ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၄၄၆၊ ၀၉-၅၀၅၀၀၄ သို့ဖြစ်စေ၊ ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။ (က-ပ)



✧ ရည်မှန်းချက်မှ

သီးနှံနှင့်တွင်းထွက်ရတနာများကို ပြည်တွင်းသာမက နယ်စပ်ကုန်သွယ်ရေးစနစ်မှသည် ပုံမှန်ကုန်သွယ်ရေးစနစ်အဖြစ် ရောက်ရှိအောင် ဆောင်ရွက်ပြီး ပြည်တွင်းထွက်ကုန် သားငါးပြည်ပပို့ကုန်အဖြစ် ရောင်းဝယ်ခွင့်ရအောင်လည်း စီစဉ်ပေးလျက်ရှိသည်။

ယင်းသို့ နိုင်ငံတော်ကြီးကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိရာ၌ ဘက်စုံထောင့်စုံ ကဏ္ဍစုံတို့မှ ဆောင်ရွက် နေကြသည့် ဝန်ကြီးဌာန အသီးသီးရှိသည့်အနက်အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ၎င်းတို့ နေ့မအား ညမနား ဆောင်ရွက်ချက်ကဏ္ဍများကို တင်ပြနိုင်ရန်အတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများကို တွေ့ဆုံမေးမြန်း၍ ဤသတင်းဆောင်းပါးကို ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တည်ဆောက်ရာ၌ လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်သည့် လိုအပ်ချက်တစ်ရပ်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် မြန်မာနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်သည် မြင့်မားလာပြီး စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်ကြီးများနှင့် အဆင့်မြင့် အိမ်ရာများ၊ လူနေမှုဘဝ အဆင့်အတန်းများ စသည်တို့တွင် ခေတ်မီ နည်းပညာများနှင့် စက်ကိရိယာများကို ပိုမိုအသုံးပြုလာကြသဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည်လည်း အဆမတန်များပြားလာပါသည်။

နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးတို့အပါအဝင် ဘက်စုံကဏ္ဍစုံအတွက် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာ၌ ပထမဦးစွာ အရေးအကြီးဆုံးသော အခြေခံအဆောက်အအုံ (The Most Basic Important Infrastructure) မှာ လျှပ်စစ်ဓာတ်အားဖြစ်သည်။ လျှပ်စစ်ဓာတ်အားကဏ္ဍကို ခိုင်မာအောင် တည်ဆောက်ပြီးနောက် ကျန်ရှိသော စီးပွားရေးလုပ်ငန်းကြီးများကို ရှင်သန်ကြီးမားတိုးတက်အောင် ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်လာပါမည်။

စိုက်ပျိုးရေးကို အခြေခံသည့် မြန်မာနိုင်ငံ၌ လယ်ယာထွက်ကုန်များဖြစ်သည့် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ကြံစသည်တို့ကို ကုန်ချောအဖြစ် အသွင်ပြောင်းရာတွင် ခေတ်မီစက်ရုံကြီးများ လည်ပတ်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားကိုတောင်းခံအသုံးပြုကြရပါသည်။ ထို့အတူ စိုက်ပျိုးရေရရှိရေးအတွက် မြစ်ရေတင်လုပ်ငန်းများ၊ သတ္တုကဏ္ဍအတွက် သတ္တုတူးဖော်ခြင်း၊ ဓာတုဗေဒ ကုန်ထုတ်လုပ်ငန်းနှင့် ဆေးဝါးလုပ်ငန်းများ၊ စက္ကူ ပျော့ဖတ်စက်ရုံကြီးများ၊ ဆေးဝါးစက်ရုံ၊ ချည်မျှင်နှင့် အထည်စက်များ၊ ဆက်သွယ်ရေးလုပ်ငန်းအတွက် အိတ်ချိန်းများ၊ ကွန်ပျူတာဆာဗာများ၊ တည်ဆောက်ရေးလုပ်ငန်းအတွက် အရေးပါသော ဘိလပ်မြေစက်ရုံကြီးများနှင့် သံရည်ကျိုစက်ရုံကြီးများ၊ နိုင်ငံတစ်ဝန်း ပေါကြွယ်ဝလှသည့် သားငါးများ ထုတ်လုပ်၍ ပြည်ပပို့ကုန် ဆောင်ရွက်ရန်အတွက် အရေးပါလှသည့် အအေးခန်းစက်ရုံနှင့် ရေခဲစက်များ၊ နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများ၊လေဆိပ်များ၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် အသုံးပြုရသည့် လမ်းမီးများ၊ ယာဉ်အန္တရာယ်ကင်းရေးဆောင်ရွက်ရန် သုံးရသည့် မီးပွိုင့်များ၊ ပညာရေးကဏ္ဍအတွက် သင်ကြားမှုအထောက်အကူပြု ပစ္စည်းများ၊ လူတို့၏ ကျန်းမာရေးအတွက် စမ်းသပ်ရေးနှင့်ကုသရေးတွင် အသုံးပြုရသည့် ခေတ်မီအီလက်ထရွန်နစ်စက်ကြီးများ စသည်တို့အတွက် လျှပ်စစ်ဓာတ်အားသည် အရေးကြီးလှပါသည်။

နိုင်ငံတော်ကြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးတွင်လျှပ်စစ်ဓာတ်အားကို စဉ်ဆက်မပြတ် လုံလောက်စွာ ရရှိအသုံးပြုမှသာ ဘက်စုံ ကဏ္ဍစုံ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများ အားလုံးသည်လည်း လျှပ်စစ်စွမ်းအားကဏ္ဍကို ဦးစွာ အကောင်အထည်ဖော် တည်ဆောက်ခဲ့ကြရပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ဓာတ်အားပေးစက်ရုံကြီးများ တည်ဆောက်ရာ၌ ငွေကြေးကြီးမားစွာ ရင်းနှီးမြှုပ်နှံရပြီးစက်ရုံမှထွက်ရှိသော လျှပ်စစ်ဓာတ်အားကိုပြည်သူလူထုထံသို့ အရောက်ဖြန့်ဖြူးပေးနိုင်ရန်အတွက် မဟာဓာတ်အားလိုင်းကြီးများ၊ ပင်မဓာတ်အားခွဲရုံကြီးများ၊ ဓာတ်အားခွဲရုံငယ်များ၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများကို တစ်နိုင်ငံလုံးအနှံ့ ဖြန့်ကြက်တည်ဆောက်ရသဖြင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးရေးလုပ်ငန်းများအတွက် ရင်းနှီးရန်လိုအပ်သည့်ပမာဏသည် ဓာတ်အားပေးစက်ရုံ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံရသည့် ငွေကြေးပမာဏထက် နှစ်ဆခန့်ကို ထပ်မံရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။

ယင်းကဲ့သို့ လျှပ်စစ်စွမ်းအားကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်အကောင်အထည်ဖော်တည်ဆောက်ရာတွင် ငွေကြေးရင်းနှီးမြှုပ်နှံမှုများသကဲ့သို့ အချိန်ကာလ နှစ်အပိုင်းအခြားတစ်ခုအထိကိုအချိန်ယူကာ အကောင်အထည်ဖော်တည်ဆောက်ကြရပါသည်။ သို့ပါ၍ ထိုကဲ့သို့ ဆောင်ရွက်နေဆဲ ယခုကာလအတွင်းတွင် ပြည်သူလူထုတို့အနေဖြင့် လျှပ်စစ်ဓာတ်အား မလုံလောက်မှုအခြေအနေကို လာမည့်နှစ်များအတွင်း ကျော်ဖြတ်နိုင်ရန် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရည်မှန်းချက်ထား၍ ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့လျှပ်စစ်ဓာတ်အားသမိုင်းကို ရေးသားတင်ပြရလျှင် အစောဆုံးသော လျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ မိုးကုတ်ပတ္တမြားမိုင်း တူးဖော်ရေးကုမ္ပဏီမှ ၁၈၉၃ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သော မိုးကုတ်ရေအားလျှပ်စစ်စက်ရုံဖြစ်ပါသည်။ မိုးကုတ်မြို့ကို လှည့်ပတ်စီးဆင်းနေသောရေနီချောင်းကိုအသုံးပြု၍၊ မြို့၏တောင်ဘက်ခြောက်ထပ်ကြီးချိုင့်တွင် ကီလိုဝပ် ၄၆၀ အရွယ် စက်ရုံတည်ဆောက်ကာ၁၈၉၈ခုနှစ်မှစ၍ ပတ္တမြားမိုင်းလုပ်ငန်းတွင် စတင်အသုံးပြုခဲ့ပါသည်။ အဆိုပါရေအားလျှပ်စစ်စက်ရုံနှင့် ရေသယ်လမ်းကြောင်းတစ်လျှောက်တွင် အဖိုးတန်ကျောက်မျက်ရတနာများ တူးဖော်ရရှိသည်ဆိုပြီး မသမာသူကျောက်တူးသမားအချို့ကြောင့် ၁၉၆၄-၆၅ခုနှစ်တွင် ပျက်စီးခဲ့ပါသည်။

၁၉၀၅ခုနှစ်တွင် ရန်ကုန်မြို့၌ဓာတ်ရထားပြေးသောလုပ်ငန်းလုပ်ကိုင်သည့်ရန်ကုန်ဓာတ်ရထား ကုမ္ပဏီ Rangoon Electric Tramway & Supply Company RET&S က အလုံမြို့နယ်တွင် ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံတည်ဆောက်ကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်အသုံးပြုခဲ့သည်။ဓာတ်ရထားအသုံးပြုရန် အလုံမြို့နယ် အတွင်းရှိ ကားရှက်ဓာတ်အားခွဲရုံနှင့် ပုဇွန်တောင်မြို့နယ်အတွင်းရှိ လိပ်ကန်ဓာတ်အားခွဲရုံတို့တွင် အေစီဓာတ်အားကို ဒီစီဓာတ်အားသို့ ပြောင်းလဲပေးပါသည်။ ဓာတ်ရထားအတွက် အသုံးပြုပြီး ပိုလျှံသော ဓာတ်အားကို လမ်းမီးများထွန်းပေးခြင်းနှင့် ရန်ကုန်မြို့ပြည်သူလူထု အလင်းရောင်သုံးအဖြစ် အသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ၁၉၀၇ခုနှစ်တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်း၌ ပထမဆုံးလျှပ်စစ်လမ်းမီးထွန်းခဲ့ပါသည်။ရန်ကုန်ဓာတ်ရထားကုမ္ပဏီသည် မြန်မာနိုင်ငံတွင်ပထမဆုံးလျှပ်စစ်ဓာတ်အားရောင်းချသည့်အဖွဲ့အစည်းဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးအကြိုခေတ်တွင်အမျိုးသားခေါင်းဆောင်ကြီးများက နိုင်ငံအတွက်စီမံကိန်းရေးဆွဲရာ၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ခေတ်မီစွာတိုးချဲ့လုပ်ကိုင်ရေး၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့်သာမန်စက်မှုလုပ်ငန်းများကို ပြည်တွင်းထွက်သယံဇာတပစ္စည်းများဖြင့် ပြုလုပ်ရေးတို့မှာ အရေးကြီးသည်။ ဤအခြေအနေတွင် လျှပ်စစ်ဓာတ်အားကို နိုင်ငံနှင့်အဝန်း ပြည့်ပြည့်စုံစုံလုံလုံလောက်လောက် ဖောဖောသီသီအသုံးပြုနိုင်ရမည်ဖြစ်သည်။ မြန်မာပြည်တွင် ရေအားလျှပ်စစ်ဓာတ်အားသာလျှင် ထုတ်လုပ်မှုစရိတ် အကျဉ်းဆုံးဖြစ်၍ ရေအားလျှပ်စစ်စီမံကိန်းများ အမြန်ဆုံးအကောင်အထည်ဖော်ရန်ဟူသော ဆုံးဖြတ်ချက်ကို၁၉၄၇ခုနှစ် ဇွန်လတွင် စတင်ရေးဆွဲသည့် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားတိုးတက်ရေး(၂)နှစ် စီမံကိန်း(ဆိုရန်တိုဗီလာစီမံကိန်း)တွင် ထည့်သွင်းခဲ့ကြပါသည်။

၁၉၅၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ Electricity Supply Board(ESB)ကို စက်မှုလက်မှုဝန်ကြီးဌာနအောက်၌ ၁၉၄၈ ခုနှစ် လျှပ်စစ်ဓာတ်အားပေးရေးအက်ဥပဒေနှင့်အညီ စတင်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၇၂ခုနှစ် မတ်လ ၁၆ ရက်နေ့တွင်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့(ESB)ကိုလျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း Electric Power Corporation(EPC) ဟု ထပ်မံပြင်ဆင် ဖွဲ့စည်းခဲ့ပါသည်။ ၁၉၇၅ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စက်မှုလက်မှုဝန်ကြီးဌာနအား အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဟူ၍ ပြင်ဆင်ဖွဲ့စည်းခဲ့ရာ လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း (EPC)သည် အမှတ်(၂)စက်မှုဝန်ကြီးဌာန လက်အောက်တွင် ပါဝင်ခဲ့ပါသည်။

၁၉၈၅ခုနှစ် ဧပြီလ၁၂ရက်နေ့တွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ စွမ်းအင်ဝန်ကြီးဌာနသို့ တိုးချဲ့ဖွဲ့စည်းရာ လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းသည် စွမ်းအင်ဝန်ကြီးဌာန လက်အောက်တွင် ပါဝင်ခဲ့ပါသည်။ ၁၉၈၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း(EPC)ကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း Myanma Electric Power Enterprise(MEPE) ဟု ပြင်ဆင်ဖွဲ့စည်း ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ ၁၉၉၇ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် စွမ်းအင်ဝန်ကြီးဌာနမှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို တိုးချဲ့ဖွဲ့စည်းရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်၌ လျှပ်စစ်စွမ်းအားဦးစီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ရေအားလျှပ်စစ်ဦးစီးဌာန သုံးဌာနဖြင့် ဖွဲ့စည်းခဲ့ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၆ခုနှစ် မေလ ၁၅ ရက်နေ့တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လက်အောက်တွင် လျှပ်စစ်စွမ်းအားဦးစီးဌာန၊ မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ လေးဌာနဖြင့် ဖွဲ့စည်းခဲ့ပါသည်။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများ တည်ဆောက်ရေးနှင့်ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းမျ
(Mini-Hydro)နှင့် အသေးစားရေ
ဓာတ်အားပေးစက်ရုံများ အကောင်အ
တာဝန်ယူ ဆောင်ရွက်ရပါသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်
သုံး ဓာတ်အားပေးစက်ရုံများ တည်
ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ နိုင်ငံတ
ကြီးများနှင့် ပင်မဓာတ်အားခွဲရုံကြီးမျ
ပြုပြင်ခြင်းနှင့် တစ်နိုင်ငံလုံးရှိ ပြည်
ဓာတ်အား သယ်ပို့ဖြန့်ဖြူးရေးလုပ်ငန်
ရပါသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်
ချက်တာဝန်(၉)ရပ်ကို ချမှတ်ဆောင်

(က) ရေအားလျှပ်စစ်ကိုအခြေ
ဖြင့်သုံးစွဲ၍ သဘာဝဓာ
အကူ စွမ်းအင် (Peak

(ခ) သဘာဝဓာတ်ငွေ့သုံး
လုပ်ငန်းများတွင်သဘာ
ရန် စွန့်ပစ်အပူရှိန် သုံး
ထုတ်လုပ်မှု (Combined
ဆောင်ရွက်ရန်။

(ဂ) မဟာဓာတ်အားလိုင်းစန
စက်မှုဇုန်များနှင့် လက်
ပေးလျက်ရှိသော မြို့
လိုင်းမှ ဆက်သွယ်ဓာ

(ဃ) ဓာတ်အားသယ်ပို့ ဖြန့်
စနစ်၏ အရည်အသွေ
အကောင်အထည်ဖော်

(င) ဓာတ်အားစနစ်အတွင်း
အကြိမ်နှင့် အချိန် ေ
အောင် ဆောင်ရွက်သွ

(စ) ထုတ်လုပ်သည့် ဓာတ်
သည့် စနစ်အား ဖော်ေ

(ဆ) ဓာတ်အား ပျောက်ဆုံးမှ
ဓာတ်အား သုံးစွဲနိုင်မှု
ဆောင်ရန်။

(ဇ) ပင်မဓာတ်အားစနစ်မှ အ
တွင် ပြည်သူလူထုမှ ပူး
စာ (Bio-mass) ကဲ့သို့
tive Energy) သုံး ဓာ
သုံးစွဲလာစေရေး နည်းပ
အညီများပံ့ပိုးပေးရန်။

(ဈ) အနာဂတ် လျှပ်စစ်ဓာ
ဆည်းပေးရာတွင် သာ
ရေးအတွက် အထောက်
ခြည်(Solar)၊လေအားလျှ
(Geo-Thermal) နှင့်ဒီ
မဟုတ်သည့် စွမ်းအင်
ဖြင့် ဓာတ်အားထုတ်လု
ရန်။

မြန်မာနိုင်ငံ၏ လျှပ်စစ်သမိုင်းေ
အခြေအနေ၊ တည်ဆောက်ပြီး မ
ဓာတ်အား ခွဲရုံကြီးများ ဆောင်ရွက်လ
စီမံကိန်းများ၊ ဆက်လက်ဆောင်ရွက်
ပေးထားမှု အခြေအနေ၊လျှပ်စစ်စွမ်း
အနာဂတ်တွင် အစားထိုးစွမ်းအင်အ
သည့် နည်းပညာများကို ဆက်လက်

☆ ကျောဖုံးမှ

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးတို့
လမ်းမြောက်ဘက် စက်ယန္တရားကြီးမျာ
နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝ
များနှင့် စပ်လျဉ်း၍ တိုင်းမှူးနှင့်ဝန်ကြီးတ
မှာကြားကြသည်။

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် မွ
ရေကြောင်းပို့ဆောင်ရေး အလုံ သင်္ဘော
တွေ့ဆုံ၍ တာဝန်ကိုကျေပွန်စွာ ဆောင်
ကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်
ကြောင်း သတင်းရရှိသည်။

☆ ကျောဖုံးမှ

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးတို့သည် သံတွဲလေဆိပ်လေယာဉ်ပြေး လမ်းမြောက်ဘက် စက်ယန္တရားကြီးများဖြင့် မြေသားလုပ်ငန်းဆောင်ရွက် နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက် များနှင့် စပ်လျဉ်း၍ တိုင်းမှူးနှင့်ဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားကြသည်။

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး အလုံ သင်္ဘောကျင်း ဧရာခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တာဝန်ကိုကျေပွန်စွာ ဆောင်ရွက်ကြရေး၊ ဝန်ထမ်းစည်းမျဉ်း စည်း ကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရေးတို့ကို အသေးစိတ် မှာကြား ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများအပြင် အလတ်စားရေအား (Mini-Hydro)နှင့် အသေးစားရေအား(Micro-Hydro) လျှပ်စစ် ဓာတ်အားပေးစက်ရုံများ အကောင်အထည်ဖော်ရေးကိုပါ အဓိကထား တာဝန်ယူ ဆောင်ရွက်ရပါသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် သဘာဝဓာတ်ငွေ့ သုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း၊ ဓာတ်အားထုတ်လုပ် ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ နိုင်ငံတစ်ဝန်းတွင် မဟာဓာတ်အားလိုင်း ကြီးများနှင့် ပင်မဓာတ်အားခွဲရုံကြီးများ တည်ဆောက်ခြင်း၊ ထိန်းသိမ်း ပြုပြင်ခြင်းနှင့် တစ်နိုင်ငံလုံးရှိ ပြည်သူလူထုထံသို့အရောက် လျှပ်စစ် ဓာတ်အား သယ်ပို့ဖြန့်ဖြူးရေးလုပ်ငန်းများအား တာဝန်ယူ ဆောင်ရွက် ရပါသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် အောက်ပါ ရည်မှန်း ချက်တာဝန်(၉)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ပါရှိသည်-

(က) ရေအားလျှပ်စစ်ကိုအခြေခံစွမ်းအင်(Base Load)**အနေ ဖြင့်သုံးစွဲ၍ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်စွမ်းအားကို အကူ စွမ်းအင် (Peak Load) အဖြစ် အသုံးပြုရန်။**

(ခ) သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လုပ်ငန်းများတွင်သဘာဝဓာတ်ငွေ့သုံးစွဲမှုသက်သာစေ ရန် စွန့်ပစ်အပူရှိန် သုံးစွဲခြင်းဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု (Combined Cycle Power Generation) **ကို ဆောင်ရွက်ရန်။**

(ဂ) မဟာဓာတ်အားလိုင်းစနစ်ကို တိုးချဲ့၍ ဖွံ့ဖြိုးလာသော စက်မှုဇုန်များနှင့် လက်ရှိဒီဇယ်စက်များဖြင့် ဓာတ်အား ပေးလျက်ရှိသော မြို့/ရွာများကို မဟာဓာတ်အား လိုင်းမှ ဆက်သွယ်ဓာတ်အားပေးရန်။

(ဃ) ဓာတ်အားသယ်ပို့ ဖြန့်ဖြူးမှုအပိုင်းတွင် ဓာတ်အား စနစ်၏ အရည်အသွေးအား စံချိန်စံညွှန်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(င) ဓာတ်အားစနစ်အတွင်း ဓာတ်အားပြတ်တောက်မှု အကြိမ်နှင့် အချိန် လျှော့နည်းနိုင်သမျှ လျှော့နည်း အောင် ဆောင်ရွက်သွားရန်။

(စ) ထုတ်လုပ်သည့် ဓာတ်အားကို အကျိုးရှိရှိ အသုံးပြု သည့် စနစ်အား ဖော်ဆောင်ရန်။

(ဆ) ဓာတ်အား ပျောက်ဆုံးမှု ပမာဏကို လျှော့ချခြင်းဖြင့် ဓာတ်အား သုံးစွဲနိုင်မှု ပမာဏမြင့်မားလာရေးဖော် ဆောင်ရန်။

(ဇ) ပင်မဓာတ်အားစနစ်မှ အလှမ်းကွာဝေးသည့် ဒေသများ တွင် ပြည်သူလူထုမှ ပူးပေါင်း ပါဝင်မှုဖြင့် ဇီဝလောင် စာ (Bio-mass) ကဲ့သို့ အစားထိုးစွမ်းအင် (Alternative Energy) သုံး ဓာတ်အားပေးစက်များ တပ်ဆင် သုံးစွဲလာစေရေး နည်းပညာနှင့်မူဝါဒပိုင်းဆိုင်ရာ အကူ အညီများပံ့ပိုးပေးရန်။

(ဈ) အနာဂတ် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့် ဆည်းပေးရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးအတွက် အထောက်အကူဖြစ်စေသော နေရောင် ခြည်(Solar)၊လေအားလျှပ်စစ်(Wind Power)၊ဘူမိအပူ (Geo-Thermal) နှင့်ဒီလှိုင်း(Tidal) ကဲ့သို့ သမားရိုးကျ မဟုတ်သည့် စွမ်းအင် (Non-Conventional Energy) ဖြင့် ဓာတ်အားထုတ်လုပ်မှု ဖွံ့ဖြိုးရေးကို ဆောင်ရွက် ရန်။

မြန်မာနိုင်ငံ၏ လျှပ်စစ်သမိုင်းကြောင်းနှင့် ဓာတ်အားထုတ်လုပ်မှု အခြေအနေ၊ တည်ဆောက်ပြီး မဟာဓာတ်အားလိုင်းနှင့် ပင်မ ဓာတ်အား ခွဲရုံကြီးများ ဆောင်ရွက်လျက်ရှိသော ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများ၊ ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများ၊ မီတာတပ်ဆင် ပေးထားမှု အခြေအနေ၊လျှပ်စစ်စွမ်းအားဆိုင်ရာသိမှတ်ဖွယ်ရာများနှင့် အနာဂတ်တွင် အစားထိုးစွမ်းအင်အသုံးပြု၍ ဓာတ်အားထုတ်လုပ်နိုင် သည့် နည်းပညာများကို ဆက်လက်တင်ပြသွားမည်ဖြစ်ပါသည်။ ။

အသင်းကြီးများ ခက်ခဲစွာယှဉ်ပြိုင်ရမည့် ပရီမီယာလိဂ်ပွဲစဉ်(၃၃)

ဒီတစ်ပတ် ပရီမီယာလိဂ်ရဲ့ ပွဲစဉ် (၃၃)ကို ဧပြီ ၅ရက် (ယနေ့)နဲ့ ဧပြီ ၆ရက်တို့တွင်ကျင်းပမှာဖြစ်ပါ တယ်။ ယခုတစ်ပတ် ပွဲစဉ်များတွင် အက်ဖ်အေဖလား ဆီမီးဖိုင်နယ် ကစားရန်ရှိတဲ့ ပို့စ်မောက်မှလွဲပြီး ကျန်အသင်းများအားလုံး ကစားကြမှာဖြစ်ပါတယ်။

ယခုတစ်ပတ်ပွဲစဉ်များတွင် ဇယား ထိပ်ဆုံးမှမန်ယူဟာ မစ်ဒယ်ဘရော့ နှင့် အဝေးကွင်းကစားရမှာဖြစ်တာ ကြောင့် မန်ယူတို့ အနိုင်ရရှိရေး အတွက် ခက်ခက်ခဲခဲကြိုးစားရဦး မှာပါ။ ဒုတိယနေရာကချယ်လ်ဆီး ဟာလည်းအဆင့်(၉)ကမန်စီးတီးကို အဝေးကွင်းမှာ သွားရောက်ကစား ရမှာ ဖြစ်တာကြောင့် ပွဲက မချောင် ပါဘူး။ချယ်လ်ဆီးတို့ ချန်ပီယံလိဂ်မှာ ဆီမီးတက်ရေးအတွက်ခြေကုန်ထုတ် ကစားရဦးမှာဖြစ်တာကြောင့် ဒီပွဲကို အရန်နဲ့သာပွဲထွက်ပြီး အခန့်မသင့် ရင်တော့ သရေပွဲတောင်ဖြစ်သွားနိုင် ပါတယ်။ တတိယနဲ့ စတုတ္ထနေရာ က အာဆင်နယ်နဲ့ လီဗာပူးတို့ပွဲ က ပွဲကောင်းတစ်ပွဲပါပဲ တစ်ပတ် အတွင်းသုံးကြိမ်သုံးခါတိတိယှဉ်ပြိုင် ရမယ့်ဒီနှစ်သင်းဟာအကြိတ်အနယ် ရှိမှာ သေချာပါတယ်။ ဒါပေမယ့် ဘင်နီတက်ဇ်ဟာ ပရီမီယာလိဂ် ထက် ချန်ပီယံလိဂ်ကို ပိုမိုအာရုံစိုက် တာကြောင့် ဒီပွဲဟာသရေကျဖို့များ ပြီး နိုင်စရာရှိရင်တော့ အိမ်ရှင်အာ ဆင်နယ်ကပဲနိုင်သွားမှာပါ။ အဆင့် (၅)က အဲဗာတန်ဟာ ဒါဘီကို အနိုင် ယူပြီးသူ့အထက်ကလီဗာပူးကိုဆက် လက်ဖိအားပေးဦးမှာပါ။

တန်းဆင်းဇုန်ကို ကြည့်မယ်ဆိုရင် ဒါဘီကတော့ တန်းဆင်းသွားရပါပြီ။

ဖူဟမ်၊ ဘော်လ်တန်နဲ့ဘာမင်ဂမ် တို့မှာလည်းယခုတစ်ပတ်တွင်အမှတ် ရရန် အခွင့်အရေး အလွန်နည်းပါး လှပါသေးတယ်။

ပရီမီယာလိဂ် ပွဲစဉ် (၃၃)တွင် ဧပြီ ၅ရက် (ယနေ့)၌ အာဆင်နယ် နဲ့ လီဗာပူး၊ ဗီလာနဲ့ ဘော်လ်တန်၊ ဘလက်ဘန်းနဲ့စပါး၊ ဖူလ်ဟမ်နဲ့ ဆန်းဒါးလန်း၊ မန်စီးတီးနဲ့ချယ်လ်ဆီး၊ နယူးကာဆယ်နဲ့ရီးဒင်း၊ ဝီဂန်နှင့် ဘာမင်ဂန်တို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပြီး ဧပြီ၆ရက် (တနင်္ဂနွေနေ့)တွင် မစ်ဒယ်ဘရော့နဲ့ မန်ယူ၊ အဲဗာတန် နဲ့ ဒါဘီတို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်-

ပရီမီယာလိဂ် ပွဲစဉ် (၃၂) အပြီး ထိပ်ဆုံးငါးသင်းနှင့် အောက်ဆုံး ငါးသင်းရပ်တည်မှုမှာ အောက်ပါ အတိုင်း ဖြစ်ပါတယ်။ (ကြေးမုံ)

စဉ်	အသင်း	ပွဲ	နိုင်	ရှုံး	သရေ	ရမှတ်
၁	မန်ယူ	၃၂	၂၄	၄	၄	၇၆
၂	ချယ်လ်ဆီး	၃၂	၂၁	၃	၈	၇၁
၃	အာဆင်နယ်	၃၂	၂၀	၂	၁၀	၇၀
၄	လီဗာပူး	၃၂	၁၇	၄	၁၁	၆၂
၅	အဲဗာတန်	၃၂	၁၇	၉	၆	၅၇
၁၆	ဝီဂန်	၃၂	၈	၁၇	၇	၃၁
၁၇	ဘာမင်ဂမ်	၃၂	၇	၁၅	၉	၃၀
၁၈	ဘော်လ်တန်	၃၂	၆	၁၈	၈	၂၆
၁၉	ဖူလ်ဟန်	၃၂	၄	၁၆	၁၂	၂၄
၂၀	ဒါဘီ	၃၂	၁	၂၃	၈	၁၁

သင်္ကြန်နှစ်ဆန်းတွင် ငါးသားပေါက်များရောင်းချလိုပါက ငါးလုပ်ငန်းဦးစီးဌာနသို့ ခွင့်ပြုချက်လျှောက်ထားကြရန်နှိုးဆော်ချက်

ရန်ကုန် ဧပြီ ၄

အသားစားကြူးသော အာဖရိက ငါးခူများသည် ဘုရားကန်များ၊ ကန်တော်ကြီးရေပြင်၊ အင်းလျား ကန်ရေပြင်၊ မြစ်များချောင်းများနှင့် သဘာဝရေပြင်များတွင် ပျံ့နှံ့သွား ပါက အခြားငါး/ပုစွန်စသော ရေနေ သတ္တဝါများ မျိုးပြုန်းတီးမှုဖြစ်ပေါ် စေသဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ် (၅/ ၂၀၀၁) ဖြင့် အာဖရိက ငါးခူများ မွေးမြူခြင်း၊ ရောင်းချခြင်းမပြုရန် တားမြစ်ထားသည်။

စစ်ဆေး

သို့ရာတွင် နှစ်စဉ်နှစ်တိုင်း သင်္ကြန် နှစ်ဆန်း(၁)ရက်နေ့ ဇီဝိတဒါန ငါး လွှတ်ပွဲများတွင် တားမြစ်ထားသော အာဖရိကငါးခူ သားပေါက်များကို ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များက ရောင်းချလျက်ရှိနေကြောင်းစစ်ဆေး တွေ့ရှိနေရသည်။

နှိုးဆော်

သို့ဖြစ်၍ ဥပဒေဖြင့်တားမြစ်ထား သော အာဖရိက ငါးခူသားပေါက် များကို ရောင်းချခြင်းမပြုနိုင်ရန် အတွက် ၁၃၇၀ပြည့်နှစ်၊ သင်္ကြန် နှစ်ဆန်း(၁) ရက်တွင် ဇီဝိတဒါန ငါးလွှတ်ပွဲ၌ ငါးသားပေါက်များ ရောင်းချလိုပါက ငါးလုပ်ငန်းဦးစီး ဌာနတွင်ကြိုတင်ခွင့်ပြုချက် လျှောက် ထားကြရန် နှိုးဆော်အပ်ပါသည်။

ကြိုတင်ခွင့်ပြု

သင်္ကြန် နှစ်ဆန်း(၁)ရက်နေ့တွင် ဇီဝိတဒါနငါးလွှတ်ပွဲအတွက် ငါးသား ပေါက်များ ရောင်းချလိုသူများသည် ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးဌာန ခွဲ၊ ဆင်မင်းလမ်း ၊ အလုံမြို့နယ်တွင် ကြိုတင်ခွင့်ပြုချက် လျှောက်ထားကြ ရန် ဖြစ်သည်။

သင်္ကြန်နှစ်ဆန်း(၁)ရက်တွင်ဇီဝိတ ဒါနငါးလွှတ်ပွဲအတွက်ငါးသားပေါက် များအားရွှေတိဂုံစေတီတော်၊ကမ္ဘာအေး စေတီတော်၊ စွယ်တော်မြတ်စေတီ တော်၊ ရေချိုငါးဥယျာဉ် (ကန်တော် ကြီး) နှင့် သာစုကန်စေတီတော်ရှိ အရောင်းဌာနများ၌ ဝယ်ယူရရှိနိုင် သည်။

ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် ရန်ကုန်တိုင်း ငါးလုပ်ငန်းစခန်း (လှော်ကား)၊ လေးဒေါင့်ကန်ငါး လုပ်ငန်း စခန်း၊ ရေချိုငါးဥယျာဉ် (ကန်တော်ကြီး)နှင့် သက်ဆိုင်ရာ ငါးလုပ်ငန်းစခန်းများ ဖုန်း ၀၁- ၂၂၂၉၆၂၊ ၂၂၈၆၂၄၊ ၂၁၁၃၈၂၊ ၆၃၅၁၉၆၊ ၆၁၁၁၂၀၊ ၇၀၈၅၁၉၊ ၅၅၅၆၁၃ တို့သို့ ဆက်သွယ်ဝယ်ယူ နိုင်သည်။ (သတင်းစဉ်)

The LIVE NEWS ဂျာနယ် အမှတ် (၇၈) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၄

နိုင်ငံတကာသတင်းများနှင့်ပြည် တွင်း သတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံး ဖော်ပြထုတ်ဝေလျက် ရှိသည့်The LIVE NEWS ဂျာနယ် အမှတ်(၇၈)ကို ယနေ့ထုတ်ဝေဖြန့်ချိ လိုက်သည်။

သိကြားမင်းနှင့် မြန်မာပြည်၊ တနင်္သာရီကမ်းရိုးတန်းတွင် လေ စွမ်းအင် စမ်းသပ်ထုတ်လုပ်မှုကို မြန်မာ- ထိုင်း ပူးပေါင်း ဆောင် ရွက်မည်။ လာမည့်သင်္ကြန်ရက်များ အတွင်း မဏ္ဍပ်တည်ဆောက်ခြင်းနှင့် ရေပက်ကစားခြင်းများကို ရန်ကုန်မြို့ တော်စည်ပင်မှ ကြပ်ကြပ်မတ်မတ် စစ်ဆေးဆောင်ရွက်သွားမည်၊သင်္ကြန် အပြီးမှာ ပရိသတ်ရင်ထဲကို တစ် ကိုယ်တော်ခွေသစ်နဲ့ ခိုလှုံတော့မယ့် ဖြိုးကြီး၊ မက်မပြေမဂ္ဂဇင်း၊ ဂုဏ်ရည် မတူ ပြည်ထောင်စုစနစ်နှင့် အခြေခံ ဥပဒေများ၊ ငါးထပ်ကြီးဘုရားလမ်းမှ သည် ငါးထပ်ကြီးဘုရားလမ်းသို့၊ ယာဉ်များစစ်ကြသည်ဆိုရာဝယ်အယ်လ် ဆာဒါ၏ ရှီးယိုက်မာဒီတပ်ဖွဲ့ဝင်များ လက်နက် စွန့်လွှတ်ပြီ၊ တရုတ် (တိုင်ပေ) မှ ထူးထူးဆန်းဆန်းမဲဆွယ် စည်းရုံးမှုတစ်ခု၊ အင်္ဂလန်နိုင်ငံတွင် လေယာဉ်တစ်စင်း ပျက်ကျလိုက်ပါ လာသူ ငါးဦးစလုံး သေဆုံး၊ ပတ် ဝန်းကျင်နှင့် အဆင်ပြေဆုံးသူသာ အသက်ရှင်သန်၍ ကျန်ရစ်ခဲ့လိမ့် မည်၊ တက္ကစီမင်းနှင့်ဂျီကောင်လေး၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်း များ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဆင်ဖြူကျွန်း အောင်သိန်း၊ မြင်းမူ မောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ ကျောက် လုံးအာရှမိုး၊မောင်နေလင်း၊ ဆြာစန်း၊ ရဲဇော် (ဇီးကုန်း)နှင့် အမြို့မြို့အနယ် နယ်မှ စာရေးဆရာ၊ သတင်းစာ ဆရာများက ဝေဝေဆာဆာ တင် ဆက်ထားသည်။

ရွှေပြည်ဖိုးစာပေတိုက်မှအပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ်နှင့် လစဉ် ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေး ပို့လိုသူများ၊ဖြန့်ချိရေးကိုစ္စဆောင်ရွက် လိုသူများသည် အမှတ် (၃၁၀)၊ ဝါး တန်းလမ်း၊မြေညီထပ်၊ အခန်း(၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင် ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြိတ်မြို့ကျက်သရေဆောင် မဟာသိဒ္ဓိဇယစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

ရန်ကုန် ဧပြီ ၄

တနင်္သာရီတိုင်း၊ မြိတ်မြို့၊ စန္ဒဝတ်ကျေးရွာတွင်တည်ထားကိုးကွယ်လျက် ရှိသော မြိတ်မြို့ကျက်သရေဆောင် မဟာသိဒ္ဓိဇယစေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက်နေ့မှ တန်ခူးလဆန်း (၂)ရက်နေ့ (၃-၄-၂၀၀၈မှ၇-၄-၂၀၀၈)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ တန်ခူးလဆန်း ၂ ရက် (၇- ၄-၂၀၀၈ ရက်နေ့)တွင် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဆရာတော် သံဃာတော်များအား ဆွမ်းဆန်တော် လောင်းလှူမည်ဖြစ်ကြောင်း သိရှိရ သည်။ (က-ပ)

ရမည်းသင်းဆရာတော်တရားပွဲ

ရန်ကုန် ဧပြီ ၄

ရမည်းသင်းမြို့နယ် လက်ပံကုန်းကျောင်းဆရာတော် အရှင်သုစိတ္တ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာ စရိယ(မိုးကုတ် ဝိပဿနာ နယ်လှည့်ဓမ္မကထိကသည်) ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ် အင်းတိုင်းစံပြကျေးရွာ၊ ကျိုက်ဒေဝိဘုရားကျောင်း၌ ၁၃၆၉ ခုနှစ် နှောင်း တန်ခူးလဆန်း ၆ ရက်မှ၊ ၁၃၇၀ ပြည့်နှစ်ဦး တန်ခူးလဆန်း ၁၂ ရက်ထိ သင်္ကြန်တရားစခန်းပွဲ ပြုလုပ်မည်ဖြစ်ရာမိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက်သစ္စာဆိုက်၊ ဒိဋ္ဌိဖြုတ် အလုပ်ပေးတရား ဟောကြား တော်မူမည်ဟု သိရသည်။ (က-ပ)

ဖော့ကန်ဝါဥူးပရိယတ္တိစာသင်တိုက် သင်္ကြန်တွင်း တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက် ဖော့ကန်ဝါဥူး ပရိယတ္တိစာသင်တိုက်၌ (၉)ကြိမ်မြောက် သင်္ကြန်တွင်း (၇)ရက် မဟာ သတိပဋ္ဌာန် အလုပ်ပေးတရားစခန်းကို ဧပြီ၁၁ရက်မှ ၁၇ရက်ထိ (၇)ရက် ဟောကြား ပြသမည်ဖြစ်၍ ယောဂီအဖြစ် စာရင်းပေးလိုသူများနှင့် လှူဒါန်း လိုသူများသည်၊ ကျောင်းတိုက်ဖုန်း ၆၄၅၆၉၆ သို့ဆက်သွယ်စုံစမ်းနိုင်သည်။ ယောဂီစာရင်းကို ဧပြီ ၁၁ ရက် ညနေ ၆ နာရီအထိ လက်ခံမည်ဖြစ်ကြောင်း သိရှိရသည်။ (က-ပ)

သန်လျင်သာသနာ့ဗိမာန်တော်ဖွင့်ပွဲ အချိန်ပြောင်းလဲကျင်းပမည်

ရန်ကုန် ဧပြီ ၄

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သာသနာ့ကျက်သရေဆောင် မဟာအတုလသဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီးဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို ဧပြီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီအစား မွန်းတည့် ၁၂ နာရီသို့ အချိန်ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီက နှိုးဆော်ထားကြောင်းသိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၄-၂၀၀၈ (စနေနေ့)

၁၃၆၉ခုနှစ်၊ တပေါင်းလကွယ်နေ့ (ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာ တော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ကြည်ညို ဦးခိုက်ဖူးလိုက်စို့ တူပျော် မန်းရွှေစက်တော်
၇း၅၀ ၅။ တေးဂီတအစီအစဉ်
၈း၀၀ ၆။ 833 Man & The Elephant.(Part-1)
834 Man & The Elephant.(Part-2)
၈း၅၀ ၇။ International News
၉း၀၀ ၈။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁း၃၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ “စစ်သူကြီးဆွန်ကြီး”(အပိုင်း-၁၆)
၂း၁၀ ၆။ “သာယာရွှေပြည်တို့နေပြည်” (ဖြိုးငွေစိုး၊ အောင်ရဲလင်း၊ ဇင်ဇင်ဇော်မြင့်၊ မော့စ်၊ ဗေလုဝ၊ ရှက်တယ်) (ဒါရိုက်တာ-စင်ရော်မောင်မောင်)
၂း၄၅ ၇။ International News.
၂း၅၅ ၈။ နောက်တစ်နေ့အစီအစဉ်
၃း၀၀ ၉။ အစီအစဉ်ပြီး၏

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ရုက္ခဗေဒ၊ သတ္တဗေဒအထူး ပြုများ) (ရုက္ခဗေဒ)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅ ၆။ မြန်မာ့လေ့ရိုးရာလက်ဝှေ့
၅း၁၀ ၇။ ချစ်စရာ့အရွယ်ကစားကြမယ်
၅း၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ “အလှူရှာမယ် လှူကမ္ဘာဝယ်”
၇း၀၀ ၁၂။ တေးဂီတအစီအစဉ်
၇း၁၀ ၁၃။ **“သတင်းကောင်း” (သျှားညို၊ ဆုပန်ထွာ၊ ပွင့်) (ဒါရိုက်တာ-ညိုမင်းလွင်)**
၇း၂၅ ၁၄။ နှောင်းခေတ်တေးပဒေသာ
၇း၃၅ ၁၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (အောင်ပန်းမြို့မှ မက်မွန်နှင့်မက်မန်း)
၇း၄၅ ၁၆။ ထေရဝါဒဗုဒ္ဓသာသနာ တော်ထွန်းကား ပြန့်ပွားရေး ဆရာဒကာလက်တွဲညီစွာ ကြိုးပမ်းဆောင်ရွက်မှု(အပိုင်း-၂)
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ တေးဂီတအစီအစဉ်
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ ‘မာယာထောင်ချောက်’ (အပိုင်း-၁၃)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

မြိတ်မြို့ ကုန်သည်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ
တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်

နေပြည်တော် ဧပြီ ၄

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်သော ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၃ ရက် နံနက် ၈ နာရီခွဲတွင် မြိတ်မြို့ ကုန်ကြီးရပ်ကွက် ကုန်သည်လမ်း၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်သည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ရွှေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှထွန်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များက ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

အဆိုပါ ကတ္တရာလမ်းသစ်မှာ အလျား ပေ ၁၄၂၀၊ အကျယ် ၁၈ ပေရှိ ကတ္တရာလမ်း အမျိုးအစားဖြစ်ပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူ လူထု ထည့်ဝင်ငွေကျပ် ၁၁၅ သိန်းသုံးသောင်းဖြင့် ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မုံရွာမြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ငြိမ်းချမ်းရိပ်မြုံ သင်္ကြန်တရားစခန်း ကြိုတင်စာရင်းသွင်းနိုင်

ရန်ကုန် ဧပြီ ၄

မအူပင်မြို့ အမှတ်(၇)ရပ်ကွက် ရေလဲလမ်းနှင့် ခိုင်ရွှေဝါလမ်းထောင့် (ငြိမ်းချမ်းရိပ်မြုံ)ဓမ္မသုခ စာရီကျောင်းတိုက် ဆရာတော် ဦးနိပုဏနှင့် ကမ္မဋ္ဌာနာစရိယ ဦးနန္ဒိယ (ဓမ္မာစရိယ)တို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၉)ကြိမ်မြောက် သင်္ကြန်တရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၁၈ ရက်အထိ ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားများကို ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီပုဂ္ဂိုလ်များနှင့် ဒုလ္လဘ ရဟန်းခံလိုသော ပုဂ္ဂိုလ်များ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း
စစ်ကိုင်းတိုင်း၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာများအား တွေ့ဆုံ

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည်ဧပြီ ၁ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဆွေးနွေးမှာကြား

တွေ့ဆုံပွဲတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဆက်လက်တည်တံ့ဖြစ်ထွန်းရေးအတွက် ဆောင်ရွက်ရန်များကို အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

ရခိုင်သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၄

ရွှေတိဂုံစေတီတော် ရက္ခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်းမှ နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော ရခိုင်သက်ကြီးပူဇော်ပွဲကို ရွှေတိဂုံ စေတီတော် အရှေ့ဘက်မုခ်၊ အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံတွင် ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်)နေ့ မွန်းလွဲ ၁ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ အသက် ၈၀နှစ်နှင့်အထက် အဘိုးရင်၊ အဘွားရင်များ အမည်စာရင်းပေးသွင်းကြရန်နှင့် ပါဝင်လှူဒါန်းလိုပါက ဦးကျော်မောင် ဖုန်း-၀၉-၅၁၄၅၃၀၅၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၀၀၆၈၂၀၊ ကိုသန်းအောင် ဖုန်း-၀၉-၅၁၄၃၉၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားလက်ဝှေ့ပြိုင်ပွဲ

ရန်ကုန် ဧပြီ ၄

၂၀၀၈ခုနှစ် ဆဋ္ဌမအကြိမ်မြောက်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား(ဂ)အဆင့်၊ (ခ)အဆင့်နှင့် (က) အဆင့် တံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲ တတိယနေ့ပွဲစဉ်များကို မတ် ၃၁ ရက် ညနေ ၃ နာရီမှစ၍ အောင်ဆန်း အားကစားပြိုင်ကွင်း မိုးလုံလေလုံ အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

(ဂ)အဆင့် ပင်းဝိတ်တန်းတွင် ထက်အောင် (အား/ကာသိပ္ပံ-ရန်ကုန်) လိုက်ဖလိုင်းဝိတ်တန်းတွင် ထက်ပိုင် (ပြည်ထဲရေး)နှင့် သန့်ဇော်ဝင်း (တပ်မတော်-လေ)၊ ဘင်တန်ဝိတ်တန်းတွင် သန်းနိုင်ဦး(ပြည်ထဲရေး)နှင့် အာကာမောင်မောင် (တပ်မတော်-လေ)တို့ အနိုင်ရရှိကြသည်။

(ခ)အဆင့် လိုက်ဖလိုင်းဝိတ်တန်းတွင် ကျော်ကျော်အောင်(တပ်မတော်-လေ)အနိုင်ရပြီး မျိုးလင်းကျော် (ကာကွယ်ရေး)က ဒုတိယအချီအပြီး၌ ပိုင်ဖြိုး ဆက်လက်မယှဉ်ပြိုင်နိုင်၍ အနိုင်ရရှိသည်။ ဖလိုင်းဝိတ်တန်းတွင် ငြိမ်းချမ်းထက် (ကာကွယ်ရေး)က ရန်မျိုးအောင်(ပြည်ထဲရေး)ကို တတိယအချီတွင် အလဲထိုးဖြင့် အနိုင်ရရှိသည်။

(ဂ)အဆင့် ပင်းဝိတ်တန်း၌ ကျော်ခိုင်ဦး(တပ်မတော်-လေ)၊ (ခ)အဆင့် ပင်းဝိတ်တန်း၌ စံသိန်း(ရှမ်း/တောင်) နှင့် ဖလိုင်းဝိတ်တန်း၌ မင်းအောင် ရှမ်း/တောင်)တို့ ပြိုင်ဘက်များ ဆေးကျသဖြင့် အနိုင်ရကာ နောက်တစ်ဆင့်သို့ တက်ရောက်သွားသည်။ (ကြေးမုံ)

ရန် ကုန် မြို့ တော် စည် ပင် သာ ယာ ရေး ကော်မတီဥက္ကဋ္ဌ၊ မြို့ တော် ဝန် ဗိုလ် မှူး ချုပ် အောင်သိန်းလင်း အ ချင်း ၁၀ လက်မရှိ စက်ရေ တွင်း အား တွင်းဆေး လေမှုတ်ခြင်း လုပ်ငန်း ဆောင် ရွက် နေ မှု ကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ဒဂုံမြို့သစ်(တောင်ပိုင်း)ရေပေးဝေရေးစီမံကိန်း မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးနှင့် ကော်မတီဝင်များ၊ ဌာနများမှတာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရေပေးဝေရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိလာသည်။

မြို့တော်ဝန်နှင့်အဖွဲ့အား အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်း၊ ဒုတိယဌာနမှူး ဦးစိန်ဝင်း၊ အင်ဂျင်နီယာမှူး ဦးမျိုးသိန်း၊အင်ဂျင်နီယာများ ဖြစ်ကြသော ဦးအောင်ကိုဦး၊ ဦးတင့်ဇော်တို့က မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ သောက်သုံးရေများ ပေးပို့ဖြန့်ဝေပေးနိုင်ရန် ဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ ရေပေးဝေရေးစီမံကိန်း လုပ်ငန်းပြီးစီးပါက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ် ၅၃၊ ၅၄၊ ၅၆၊ ၇၀၊ ၇၁၊ ၁၀၄၊ ၁၀၅၊ ၁၀၆နှင့် ၁၀၇ရပ်ကွက်များနေ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်သည်။ ထိုမှတစ်ဆင့် မြို့တော်ဝန်သည် ၁၀၇ ရပ်ကွက်ရှိ လမ်းအရှည် ၂၂၀၅ပေ၊ အကျယ် ၁၈ ပေရှိ ကေတုမတီလမ်းအား ကျောက်ချော ကတ္တရာလမ်းအဖြစ် အဆင့်မြှင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီးနောက် ဖြိုးစေတနာ အခမဲ့ဆေးခန်း တည်ဆောက်နေမှုကို ဆက်လက်ကြည့်ရှုစစ်ဆေးသည်။ (၁၉)

ကမ္ဘာ့ကျန်းမာရေးနေ့
၂၀၀၈ ခုနှစ်၊ ဧပြီလ(၇)ရက်
Protecting Health From Climate Change
ရာသီဥတုပြောင်းလဲမှု၊ ကျန်းမာရေးအတွက်သတိပြု

FATHER LAND Construction & Decoration DECORATION

ဆောက်လုပ်ဆဲနှင့် ဆောက်လုပ်ပြီးတိုက်ခန်းများ၊ လုပ်ငန်းများနှင့်အိမ်အလှဆင်ပစ္စည်းများကို နှစ်သစ်ကူး အတွက် "အထူးလျှော့ဈေး"ဖြင့်ရောင်းချပေးနေပါပြီ

ခေတ်ရှီ၊ လှပ၊ တိုးတက်ဖို့... FATHER LAND နဲ့ဆက်သွယ်ဖို့...

- ☑ အမှတ်၂၁၄၊ ၂၁၆ ဗိုလ်မြတ်ထွန်းလမ်း၊ ပုဇွန်တောင်မြို့နယ် 25' x 60'(Room Type Decoration,ဓါတ်လှေကားအပါအဝင်)၊Condominium၊ ရောင်းပြီးကျန် (၁၀ခန်း)
- ☑ အမှတ်၁၄၀၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် 18' x 70'(Room Type Decoration, ဓါတ်လှေကားအပါအဝင်) ၊Condominium၊ ရောင်းပြီးကျန် (၁၁ခန်း၊ PENTHOUSE)
- ☑ အမှတ်(၉၅/၉၇)ဒေါ်သိန်းတင်လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်။20' x 70' (Room Type Decorationအပါအဝင်)၊ ရောင်းပြီးကျန် (၄ခန်း)
- ☑ အမှတ်(၄၅)ဝတ်ကျောင်းလမ်း၊ရေကျော်၊ပုဇွန်တောင်မြို့နယ်။12.5' x 50' (Decorationအပါအဝင်)၊ ရောင်းပြီးကျန် (၇ခန်း)
- ☑ အမှတ်(၁၁၅)၊ ၉၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။15' x 70' (Room Type Decorationအပါအဝင်)၊ ရောင်းပြီးကျန် (၄ခန်း)
- ☑ အမှတ်(၁၄)၊ ၈၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။30' x 60'(Room Type Decorationအပါအဝင်) ၊ ရောင်းပြီးကျန် (၁ခန်း)
- ☑ အမှတ်(၅၂)၊ ၈၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။15' x 60'(Decorationအပါအဝင်)၊ ရောင်းပြီးကျန် (၁ခန်း)
- ☑ အေးနန္ဒာအိမ်ရာ အပိုင်း(၁)၊ သံလျှင်တံတားအနီး။100' x 90'(မြေ၊ နှစ်ထပ်တိုက်-Room Type Decorationအပါအဝင်)

DISCOUNT ကာလ
5-3-08 မှ 10-4-08
DECORATION 5% to 50%
CONSTRUCTION 5% to 20%

PROMOTION ကာလတွင်ဝယ်ယူအားပေးကြသောမိတ်ဟောင်း၊မိတ်သစ်များကိုကျေးဇူးအထူးဥပကာရတင်ရှိပါသည်၊

(ဆက်သွယ်ရန်)
ရုံးချုပ် ➪ အမှတ်-၂၂၁၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၀၄၀၅၅၊ ၂၀၄၀၆၉၊ ၂၉၈၅၄၀
ရုံးခွဲ ➪ အမှတ်-၈၄၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၈၂၄၃၆၊ ၃၉၄၁၅၂၊ ၃၉၄၁၇၇

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၄-၂၀၀၈ (စနေနေ့)

AM&PM

၇း၀၀ -	၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ -	၁း၀၅	'သစ္စာလေးပါးအလုပ်ပေး' တရားတော် (မိုးနတ်တောင်ဆရာတော် ဦးဣန္ဒောဘာသ)
၈း၁၀ -	၂း၁၀	မြိတ်မြို့မိသားစုဝင်များ၏ မြန်မာပြည်အနှံ့ဘုရားဖူးနှင့် လှေလှော်ရေးခရီးစဉ် (အပိုင်း-၃)
၈း၄၀ -	၂း၄၀	သီချင်းကောင်းကောင်းသီချင်းတောင်း
၉း၀၅ -	၃း၀၅	PEACE OF MIND (စိတ်ငြိမ်းအေးသော) (ဒါရိုက်တာ ကြည်ဖြူသျှင်)
၉း၁၅ -	၃း၁၅	တေးဂီတအစီအစဉ်
၉း၂၀ -	၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ -	၃း၃၀	ခေတ်အဆက်ဆက်စီးဆင်း အတာသင်္ကြန်တေးသီချင်း
၁၀း၁၀ -	၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅ -	၄း၁၅	ခါသင်္ကြန်အဆိုအက
၁၀း၂၀ -	၄း၂၀	မြို့မယဉ်ငေး
၁၀း၄၅ -	၄း၄၅	မိုးလေဝသခန့်မှန်းချက်
၁၀း၅၀ -	၄း၅၀	ကမ်းခြေဟိုတယ်တစ်ခု၏ ဗိသုကာအနုပညာ
၁၁း၁၀ -	၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ -	၅း၂၀	ခါသင်္ကြန်အဆိုအက
၁၁း၂၅ -	၅း၂၅	တိပိဋကဓမ္မရက္ခိတအဖွဲ့ကြီး၏ တိပိဋကစာပြန်၊စာဖြေ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း
၁၁း၄၀ -	၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅ -	၅း၄၅	တစ်ပတ်အတွင်းအားကစားသတင်း
၁၂း၀၀ -	၆း၀၀	ခါသင်္ကြန်အဆိုအက
၁၂း၀၅ -	၆း၀၅	အေးငြိမ်းစေရာ တရားရိပ်မှာကုသိုလ်ယူပါ
၁၂း၂၅ -	၆း၂၅	ခါသင်္ကြန်အဆိုအက
၁၂း၃၀ -	၆း၃၀	လွင်မိုးခရီးသွားနေသည် အပိုင်း(၁၀)
၁း၀၀ -	၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှု နိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၁၀	Arsenal-Liverpool	ESPN(Live)
၈း၂၅	Man:City-Chelsea	ESPN(Live)
	AstonVilla- Bolton	Star Sports(Lives)
၁၁း၀၀	Wigan-Birmingham	ESPN(SDD)
၁၁း၃၀	Newcastle- Reading	Star Sports(SDD)

Series-A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀း၃၀	Roma-Genoa	5-Cartoons(Live)
၁း၀၀	AC Milan-Cagliari	5-Cartoons(Live)

Glory Hope Education Centre

10 % Discount Before 5th April

ENGLISH SPEAKING

အင်္ဂလိပ်စာကို အဆင့်မြင့်မြင့်တတ်မြောက်လိုသော ကျောင်းသား/ သူများ အတွက်4 Skill (စွမ်းရည်မြင့်) သင်တန်းများ ပို့ချပေးလျှက်ရှိပါသည်။အချိန်တိုတွင်းပြောတွက်နိုင်စေရန် Shortcut မှုများ ဖြင့် ထိထိမိမိ သင်ကြားပေးပါမည်။

CHINESE SPEAKING

တရုတ်စာကို အခြေခံမှစ၍ တတ်မြောက်သည်အထိ သင်ကြားပေးပါမည်။ နိုင်ငံတကာသုံး Phonetics (Pin Yin) ဖြင့် အသံထွက်အမှန်ကန်ဆုံးထွက်နိုင်စေရန် လေ့ကျင့်သင်ကြားပေးပါမည်။အတန်းတွင်းလေ့ကျင့်မှုများဖြင့် အချိန်တိုအတွင်း အထိရောက်ဆုံးသင်ကြားပေးပါမည်။

ချမ်းသာပလာဇာ(ဒုတိယထပ်) - ပုဇွန်တောင်ဈေးနှင့် တတိုက်မှတ်တိုင်ကြား PH: 200086, 203436 Ext: 2206,2207, 2214

FA Cup (Semi-final) ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၀၀	West Brom-Postmouth	Star Sports (Live)

ငါးကန် ၅၀၀ (ဧက) ရောင်းမည် ၀၉၅၀၂၈၁၁၃

ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာ

အက်စစ်ညှော်နံ့ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ်(၆)ရပ်ကွက် လမ်း(၃၀) အောက်လမ်းရှိ တိုက်ခန်းတစ်ခု၏ အပေါ်ဆုံးထပ် ထပ်ခိုးပေါ်တွင် ရွှေသန့်စင်သည့်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ အက်စစ်ညှော်နံ့များကို ပတ်ဝန်းကျင်နေသူများ ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေးထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါရွှေသန့်စင်လုပ်ငန်းအား တားဆီးပေးပါရန် တင်ပြအပ်ပါသည်။

အက်စစ်နံ့မခံနိုင်သူများ

ပျံကျဈေးသည်များ ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား-

မိတ္ထီလာမြို့ဈေးထဲတွင် အဓိက ဈေးရုံကြီး လေးရုံရှိပြီး ထိုဈေးရုံကြီးများ၏ တောင်ဘက်မြောက်ဘက်တို့တွင် ကျူးကျော်ဈေးသည်များကို နေရာချထားပေးပါသည်။

အဆိုပါ ပျံကျဈေးသည်များသည် ဆိုင်ခွန်ပေးဆောင်ထားသည့် အခြား ဆိုင်ခန်းများ၏ မျက်နှာစာကို ပိတ်ဆို့၍ ခင်းကျင်းရောင်းချနေပါသဖြင့် ဆိုင်ခန်းရှင်များနှင့် ပျံကျဈေးသည်များ မကြာခဏစကားများကြရပါသည်။ သို့ဖြစ်ပါ၍ မိတ္ထီလာဈေးကြီးအတွင်းမှ ကျူးကျော် ဈေးသည်များအား ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ဆိုင်ခန်းရှင်များ

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးသူ၏ အမည်၊ နိုင်ငံ သားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်းနှင့် (မဟာဗန္ဓုလ)လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

ကျူးကျော်ဈေးတန်း ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ကျောက်တော်ကြီး ဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းတို့၏ လမ်းဘေးတစ်လျှောက်တွင် ကျူးကျော်ဈေးသည်များ ဈေးရောင်းချလျက်ရှိရာ အမှိုက်သရိုက်နှင့် အညစ်အကြေးများကြောင့် အနံ့အသက်ဆိုးများ ထွက်ပေါ်နေပါ၍ ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ ပတ်ဝန်းကျင်သန့်ရှင်းမှု ရှိစေရေးအတွက် အဆိုပါ ကျူးကျော်ဈေးတန်းကို ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ

လမ်းချိုင့်များပြုပြင်ပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ဗိုလ်မင်းရောင်လမ်းနှင့် ကျန်စစ်သားလမ်းမကြီးများမှာ ခလုတ်တံသင်းချိုင့်ခွက်များကြောင့် ယာဉ်နှင့် ခရီးသွားများ ကောင်းစွာသွားလာ၍ မရပါသဖြင့် ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသွားတစ်ဦး

ယာဉ်သွားလမ်း ဖွင့်စေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သာကေတမြို့နယ် ၁၀ တောင်ရပ်ကွက် သလ္လာဝတီ (၁)လမ်းနှင့် ဓမ္မာရုံလမ်းမကြီးကို ဆက်သွယ်ထားသည့် ပေ ၈၅၀ခန့်ရှည်သော ပိတောက်ရွှေဝါ လမ်းမကြီးအား လမ်းထိပ် တစ်ဖက်တစ်ချက်မှ မောင်းတံများဖြင့်ပိတ်ဆို့ထားသည် မှာကြာပြီဖြစ်ပါသည်။ မီးသတ်ကားနှင့် အခြားယာဉ်များ ဝင်/ထွက်ရန် အခက်အခဲရှိပါသောကြောင့် ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

စိုးရိမ်သူ

ညလုံးပေါက်သီချင်းဖွင့်၍ အိပ်စက်မရ

စာတည်းခင်ဗျား-

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ မန္တလေး-လားရှိုးလမ်း ရုပ်ရှင်ရုံအနီးရှိ ဖွင့်လှစ်ရောင်းချနေသော မုန့်ဆိုင်သည် ညနေမှ နံနက် ၅ နာရီအထိ ညလုံးပေါက် သီချင်းသံများ ဆူညံကျယ်လောင်စွာဖြင့် ဖွင့်နေပါ၍ အနီးပတ်ဝန်းကျင်နေသူများ ကောင်းစွာ အိပ်စက်မရဘဲ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ ဆူညံစွာ သီချင်းဖွင့်နေခြင်းကို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ပြင်ဦးလွင်သား

ကျူးကျော်တဲများ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက်တွင် ကျူးကျော်တဲအိမ်များဖြင့် ရှိနေရာ မီးဘေးအန္တရာယ် စိုးရိမ်ရပါသည်။ ရပ်ကွက်အတွင်းရှိ ကွဲကုန်းလမ်းတွင်လည်း ကျူးကျော် တဲအိမ်များ ပိတ်နေပါသဖြင့် လမ်းပင်ပျောက်နေပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ကျူးကျော်တဲ အိမ်များအား လိုအပ်သလို ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါ သည်။

မီးဘေးစိုးရိမ်သူ

မိလ္လာနှင့် ရေဆိုးပိုက် ပြုပြင်ပြီးစီး

၂-၂-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ပုဇွန်တောင်မြို့နယ် အမှတ်(၇)ရပ်ကွက်၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ တိုက်အမှတ်(၅)မှ **မိလ္လာနှင့် ရေဆိုးပိုက်များ ပြုပြင်ပေးပါ** ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

နှမ်းလှော်ဖိုညှော်နံ့ ဆောင်ရွက်ပြီးစီး

၂၄-၂-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မကွေးမြို့ အောင်စေတနာရပ် (စီ)အုပ်စု (၁)လမ်းနှင့် (၂)လမ်းကြားရှိ **နှမ်းလှော်ဖိုမှ မီးခိုးနှင့် ညှော်နံ့ ကျန်းမာရေးထိခိုက်** ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

သင်္ကြန်မှာကဲဖို့ အလှဆုံးမဖြစ်သေးဘူးထင်တယ် .!

ဒဏ္ဍာရီ
အထူးဆံပင်ပြောင့်ဆိုင်

◆ ဆံပင်ဖြောင့် (30000/-Ks)တန် Discount(15000/-Ks)
◆ ဖယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေပါသည်။(၂-နှစ်အာမခံ)

(20-3-08) မှ (12-4-08) ထိ
◆ ကာလာ၊ ဟိုက်လိုက်၊ ကိုရီးယားကြိုး သင်္ကြန်လက်ဆောင်။

■ ရွှေတိဂုံဘုရားလမ်းနှင့်ဦးဝိစာရလမ်းထောင့်၊ဒဂုံပန်းခြံအတွင်း။ဒဂုံမြို့နယ်၊ရန်ကုန်မြို့။
■ အမှတ်(၂၇၅)၊ပညာ့ဒလလမ်း၊အောင်မင်္ဂလာမှတ်တိုင်အနီး၊တာမွေမြို့နယ်၊ရန်ကုန်မြို့။
■ အမှတ်(၁၁၄၊၁၁၆)၊ပြည်လမ်း၊၄၆-လမ်း(အထက်)၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။

စာဖတ်သူတို့ အကျိုးရှိရာရှိကြောင်း
စာကောင်းစာမွန်များကို စုစည်းလျက်

မဂ္ဂဇင်း
ထွက်ပါပြီ
၂၀၀၈၊ မေလထုတ်

အနက်ရှိုင်းဆုံးပဋ္ဌာန်း သဘောတရားများကို အရှင်းလင်းဆုံးနည်းစနစ်များဖြင့် တင်ပြထားသော

အကြောင်းတရားတို့၏ အစွမ်းသတ္တိများ

ထွက်ပြီ
ဒေါက်တာ အေးကျော် (အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး)
{ဒုတိယအကြိမ်တည်းဖြတ် မွမ်းမံမှု} ဝေဘူလ စာပေ Ph-0951 37526

ကားရောင်းမည်

ISUZU ၇က/၂၅ယောက်စီးမှန်လုံ
MAZDA ASIA ၁သ/ ၂၅ယောက်စီးမှန်လုံ
Ph: 0980 33830, 721039

ဝမ်းနည်းကြေကွဲခြင်း

ဆေးတက္ကသိုလ်(၁)ရန်ကုန်ဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဦးညွန့်သိန်း၏ မိခင်ကြီး ဒေါ်ခင်လှိုင်(ဖျာပုံ) (၈၅)နှစ်သည် ၁-၄-၂၀၀၈ ရက် နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆေးလက်တွေ့ရောဂါဗေဒအဖွဲ့

ဝန်ထမ်းအမြန်အလိုရှိသည် (ပြည်တွင်း၌သာ ခန့်ထားရန်)

Education Service Co. ရန်ကုန် နှင့် ပြင်ဦးလွင် တွင် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(က) အဆောင်အုပ်ချုပ်ရေးမှူး ကျား/မ (၂) ဦး

အငြိမ်းစားကျောင်းအုပ်များ၊ အငြိမ်းစားပညာရေးမှူးများ၊ အငြိမ်းစားပါမောက္ခ ဆရာ/ဆရာမကြီးများ နှင့် ပညာရေးဌာနမှ အငြိမ်းစားအုပ်ချုပ်ရေးအရာရှိများ လျှောက်ထားနိုင်ပါသည်။ အဆောင်နေ ကျောင်းသား/သူ များအား ကျွမ်းကျင် နိုင်နင်းစွာ အုပ်ချုပ်နိုင်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်စုံရမည်။ အဆောင်အုပ်ချုပ်ရေး အတွေ့ အကြုံရှိသူ ဦးစားပေးမည်။ ကျန်းမာရေးကောင်းရမည်။ (ညှိနှိုင်းလစာ)

(ခ) လေ့ကျင့်ရေးလမ်းညွှန် (Study Guide) ကျား (၁၅) ဦး

ပဟာသိပ္ပံ (M.Sc), (B.Sc) ဘွဲ့ရပြီး Study Guide အတွေ့အကြုံရှိသူ ဦးစားပေးမည်။ ကျန်းမာ၍ အပင်ပန်းခံနိုင်ရမည်။ လေ့ကျင့်ရေး လမ်းညွှန်များသည် မိမိတို့၏ အလုပ်လုပ်နိုင်မှု ၊ အလုပ်အပေါ် တန်ဖိုးထားမှု ၊ အလိုက်သိမှု ၊ နားခံတတ်မှု တို့အပေါ် မူတည်၍ အကျိုးခံစားခွင့် တိုးတက်ပြောင်းလဲမှုများ၊ တူညီမည်မဟုတ်ပါ။

အလုပ်လျှောက်လိုသူတို့သည် (၁)လ အတွင်း ရိုက်ထားသော ဓာတ်ပုံ (၂) ပုံ၊ (၁၀-တန်းအောင် လက်မှတ်၊ အမှတ်စာရင်း၊ ဘွဲ့လက်မှတ်၊ မှတ်ပုံတင်၊ အလုပ်သမား မှတ်ပုံတင်) မိတ္တူ၊ ရဲစခန်း ထောက်ခံချက်မူရင်း ကိုယ်ရေးရာဇဝင်အကျဉ်းတို့ နှင့် လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ် ၃၂ (C-2) ၊ ၃၂ ရိပ်သာ၊ ရှေးဟောင်းသုတေသနလမ်းသွယ်၊ ၆-မိုင်ခွဲ ဖုန်း - ၅၃၅၃၂၆

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော သိပ္ပံလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို မတ် ၂၃ ရက်က ရွာသစ်ရပ်ကွက်ရှိ သိပ္ပံလမ်း ထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
(မြို့နယ်စည်ပင်)

(၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ကျေးသမိခင်ကြီး ဒေါ်ပြာဒီးအား ရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုပြုသမျှ ကောင်းမှုအစုစုကို မိခင်ကြီးရောက်ရာ ဘုံဘဝမှ အမျှသာဓုခေါ်ဆိုနိုင်ပါစေ။

ညီမ - **ဒေါ်ကြည်**
သမီး - **ဒေါ်သီသီ**
တူ၊ တူမများ - **ဦးမင်းအောင်-ဒေါ်ချို**
ဦးဂျူး-ဒေါ်ရွှေဝါ
ဦးကျော်ငွေး-ဒေါ်ချော
ဦးကျော်ထူးလှ-ဒေါ်ခင်နှင်းသက်
ပြာဒီးကိတ်မိသားစု
ကချင်ပြည်နယ်၊ ရွှေကူမြို့

ZM Car Rental

လချုပ်၊ နှစ်ချုပ်နှင့် ခရီးစဉ်အမျိုးမျိုးအတွက်
ကားငှားရန်ရှိပါသည်။ သင်္ကြန်အထူးကားငှားပေးပါသည်။
ဖုန်း-၀၉၅၁၂၀၁၄၀

SUPER FINE
Electronic Service
*တီဗွီ၊ဒီဗွီဒီ၊စလောင်း
အပိုပစ္စည်းစုံလင်စွာဖြင့်
- 099973578

သိမ်ကုန်းကျောင်းတိုက် သင်္ကြန်တွင်းတရားပွဲ

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာအုပ်စု သိမ်ကုန်းကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကုမာရ (သိရီပဝရ ဓမ္မာစရိယ မဟာဝိဇ္ဇာ၊ ကိုလံဘို)က သင်္ကြန်အခါသမယတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ပြီး သံဃာတော်အရှင်သူမြတ်များနှင့် ယောဂီသူတော်စင်များအတွက် လှူဒါန်းမှုများကို ရေစက်ချအမျှပေးဝေမည်ဖြစ်သည်။

(က-ပ)



မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း ဆောင်ရွက်သည့် မကွေးမြို့နယ် ညောင်ကန်-ဖိုလေးလုံး ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအား အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်စောမြတ်မွန် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်န ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

FUJI® ဘလိတ်ခေါင်းဆူးကြိုးထုတ်လုပ်ဖြန့်ချိတပ်ဆင်ရေး

- နိုင်ငံခြားဖြစ် ကုန်ကြမ်းများဖြင့် စံချိန်မီ ထုတ်လုပ်ထားပါသည်။
- ကုန်ကျမည့် အသေးစိတ်အချက်အလက်များကို အခမဲ့ လိုက်လံတွက်ချက်ပေးပါသည်။
- ဝါရင့်ကျွမ်းကျင်လုပ်သားများဖြင့် ပိတ်ရက်မရှိ နေ့ချင်းပြီး (လက်ခမဲ့)တပ်ဆင်ပေးပါသည်။
- မီးစက်ငှားရမ်းခနှင့် အခြားလိုအပ်သော ကုန်ကျစရိတ်များကို ပေးဆောင်ရန်မလိုအပ်ပါ။

မှတ်ချက် ။ ။ ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဘလိတ်ခေါင်းဆူးကြိုးခွေများကို လက်ခံဆောင်ရွက်ပေးနေပါသည်။

ဆိုင်လိပ်စာ ။ ၄/၃ (ဂ)၊ ပတ္တမြားလမ်း၊ စော်ဘွားကြီးကုန်းပွဲရုံတန်း၊ အင်းစိန်။
ဖုန်း - ၀၉၉၉၇၀၉၄၄
စက်ရုံလိပ်စာ - အမှတ်(၁၉၉)၊ သီရိမြိုင်လမ်း၊ အင်းစိန်၊ ကျောက်တော်ကြီးမှတ်တိုင်အနီး၊
ဖုန်း - ၆၆၅၅၃၉၊ ၆၆၃၆၂၆၊ ၆၆၂၅၉၇၊ ၆၆၅၄၁၄ လိုင်းခွဲ (၃၄)

ခရမ်းဝမဟာစည်တရားစခန်းပွဲ

တွံတေး ဧပြီ ၃

ရန်ကုန်တိုင်း တွံတေးမြို့နယ် ခရမ်းဝကျေးရွာ ခရမ်းဝမဟာစည်သာသနာ့ရိပ်သာတွင် ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ သင်္ကြန်တွင်းအထူး တရားစခန်းပွဲကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဟာစည်နယ်လှည့်ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ၊ သာသနတက္ကသီလ ဓမ္မာစရိယ၊ B.A (Buddhism) ခရမ်းဝဆရာတော် အရှင်ဓမ္မရာဇာ၊ ခရမ်းကြီး ဆရာတော် ဘဒ္ဒန္တနန္ဒိယ (ဓမ္မာစရိယ)၊ မင်းဘုန်းဆရာတော် အရှင်ကုလွှဲဘာသတို့က နိဗ္ဗာန်ရောက်ကြောင်း သတိပဋ္ဌာန်၊ ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသည့် ယောဂီများ၊ လှူဒါန်းလိုသည့် ကုသိုလ်ရှင်များသည် ဦးသောင်းလှိုင်-ဒေါ်စိန်လှိုင် သောင်းကြီးလေး၊ လှိုင်သာယာ၊ ဖုန်း-၇၀၅၃၅၆၊ ရဟန်းမယ်တော် ဒေါ်ဆောင်းတင်၊ ဥက္ကံမြို့၊ ဦးလှဝင်း-ဒေါ်အေးအေးသန်း၊ ဖုန်း-၇၀၆၂၀၄၊ ဆရာမ ဒေါ်ကေသီခင်၊ ဒေါ်မြင့်မြင့်ဦး စစ်ကွင်းမြို့၊ ဦးအေးရွှေ၊ သဲကုန်းမြို့၊ သစ်နီတောတို့သို့ ဆက်သွယ်စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြို့နယ်သတင်းများ

ကျေးဇူးဆပ်ပါမည်

ငွေလင်းပိုင် ကုမ္ပဏီလီမိတက်ပိုင် သွင်းကုန်လိုင်စင်အမှတ်-MQ IL 3 07-08 1873 (1-2-2008) မှာ (၁၉-၃-၂၀၀၈) ရက်နေ့တွင် မူဆယ် (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် အကောက်ခွန်ဌာနတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၃၈၈၆၅၆၊ ၃၇၉၅၉၈

ဘုရားဖူးကားငှားမည်

HIACE ဟိုက်အေ့(စ်)
အလုံး ၇ယောက်စီး
ဒီဇယ် Air ပါ
ဖုန်း-095116546, 524908

ကန့်ကွက်လိုက နိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဒေါ်သီတာ	၁၂/ဗဟန(နိုင်)၀၁၂၁၇၁	ဒဂုံတောင်	၅၄	၁၁၁၄	ဦးဖေမြင့်	၁၇/၄-လွှာ၊ စကြာလမ်း၊ ကျောက်မြောင်း၊ တာမွေ	ဂရန်သစ်
၂။	ဒေါ်အမာချို+၃	၁၂/ဗဟန(နိုင်)၀၁၁၄၄၅	ဒဂုံတောင်	၅၄	၁၁၁၁	ဦးဖေမြင့်	၁၁/၃-လွှာ၊ သီတာလမ်း၊ ကျောက်မြောင်း၊ တာမွေ	ဂရန်သစ်
၃။	ဒေါ်အမာချို+၃	၁၂/ဗဟန(နိုင်)၀၁၁၄၄၅	ဒဂုံတောင်	၅၄	၁၁၁၂	ဦးဖေမြင့်	၁၁/၃-လွှာ၊ သီတာလမ်း၊ ကျောက်မြောင်း၊ တာမွေ	ဂရန်သစ်
၄။	ဒေါ်အမာချို+၃	၁၂/ဗဟန(နိုင်)၀၁၁၄၄၅	ဒဂုံတောင်	၅၄	၁၁၁၃	ဦးဖေမြင့်	၁၁/၃-လွှာ၊ သီတာလမ်း၊ ကျောက်မြောင်း၊ တာမွေ	ဂရန်သစ်
၅။	ဒေါ်ကြည်ကြည်နိုင်	၉/ပမန(နိုင်)၀၀၄၂၁၆	ဒဂုံတောင်	၂၆	၂၁	ဦးကျော်ကျော်+၁	၅၆၊ ဩဘာလမ်း၊ ကျောက်မြောင်း၊ တာမွေ	အမည်ပြောင်း
၆။	ဦးသန်းညွန့်+၁	၁၀/ကထန(နိုင်)၀၂၅၃၄၀	မရမ်းကုန်း	၄၅-သမိုင်း	၁/ခ[၁၉၇]	ဒေါက်တာဦးစံတင်+၁	၃၆၈၊ ရွှေနှင်းဆီ(၇)လမ်း	မြေပုံကူး
၇။	ဦးသန်းထွင့်	၁၂/ဥကတ(နိုင်)၁၃၃၇၉၃	တောင်ဥက္ကလာပ	၆	၄၀၂/က	ဒေါ်မိမိကြီး(ခ)ဒေါ်ခင်မေညွန့်	၄၀၂/က၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တ/ဥ	မြေပုံကူး
၈။	ဦးစံသိန်း	၁၂/ကမတ(နိုင်)၀၀၈၈၁၀	ရန်ကင်း	၈၆-ကံဘဲ့	ဂ-F/၃E	ဦးစံသိန်း+၄	၇၊ သုခဝတီလမ်း	အမည်ပြောင်း
၉။	ဒေါ်အေးအေးန	၁၂/ပဇတ(နိုင်)၀၀၀၄၀၄	သဃ်န်းကျွန်း	၃၀-သုဝဏ္ဏ	၁၆၇	ဒေါ်ဆန်းရှိုင်း	၁၆၇၊ တောင်ထိပ်ပန်းလမ်း၊ ၃၀ ရပ်ကွက်၊ သဃ်န်းကျွန်း	အမည်ပြောင်း
၁၀။	ဦးကျော်စိန်+၂	၁၂/လသန(နိုင်)၀၀၇၇၆၃	လသာ	၂၁-ဘီ[၁]	N.Quarter of III.16	ဒေါ်ကိတ်လွမ်+၉	၂၀၊ ၂၂ လမ်း	မြေပုံကူး
၁၁။	ဒေါ်သိကာ၊ ဦးသောင်းရွှေ	၁၂/ဗဟန(နိုင်)၀၆၄၄၅၁	ဗဟန်း	၃၅-H	၇၄၉	ဦးသောင်းရွှေ ဦးအောင်သန်း	၄၆၊ ပတ္တမြားလမ်း၊ ကျိုက္ကဆံရပ်ကွက်	အမည်ပြောင်း
၁၂။	ဦးကံမြင့်(ခ)ဦးကျော်မိုးလှိုင်	၁၂/ဗဟန(နိုင်)၀၉၉၈၉၇	ဗဟန်း	၃၀-ဒီ	၄၅၈/၅A၊ ၄၅၈F/၅A	ဒေါ်ခင်ယုံ	၂၃၆၊ ဓမ္မစေတီလမ်း	မြေပုံကူး
၁၃။	ဒေါ်နီနီနွယ်	၁၂/စခန(နိုင်)၀၂၈၁၁	ရန်ကင်း	၁-ကံဘဲ့	၁၀၆/ခ	ဒေါ်ခင်လှဆင့်	၁၁/ဂ၊ မင်းရဲကျော်စွာလမ်း၊ ရန်ကင်း	အမည်ပြောင်း
၁၄။	ဦးငွေးနိုင်	၁၂/ရကန(နိုင်)၀၅၃၄၆၄	တာမွေ	၃-စီ[၁]	၁၀၀	ဦးထွန်းမြင့်	ဂ၄၊ ဒဂုံသီရိလမ်း	အမည်ပြောင်း
၁၅။	ဒေါ်အာရှား	၁၂/ရကန(နိုင်)၀၄၄၁၉၀	ရန်ကင်း	၅-ကံဘဲ့	ဂ၇-င[၁]	ဦးညွှန့်မောင်+၃	၄၇-ဘီ၊ ဆေးရုံလမ်း၊ ရန်ကင်း	မြေပုံကူး
၁၆။	ဒေါ်ပုစုးလေး	၁၂/ဒဂန(နိုင်)၀၂၃၃၅၁	ဗိုလ်တထောင်	၁၀-H[၂]	II.၄၀ နှင့် ၄၁	UNဘာကာချရှိန်ငေါ်ကျင်ယုံ	၁၁၄/၁၁၆၊ ၄၈ လမ်း၊ ဗိုလ်တထောင်	ဂရန်သက်တမ်းတိုး
၁၇။	ဒေါ်ခင်ညိုဝင်း	၁၃/လခတ(နိုင်)၀၀၀၆၇၅	ဒဂုံတောင်	၂၅	၁၁၀(ခ)	ဒေါ်တင်မိုးမိုးအေး+၁	၁၁၀(ခ)၊ ၂၅ ရပ်ကွက်၊ ဒဂုံတောင်	ဂရန်ခွဲ
၁၈။	ဦးသစ်လွင်+၁	၁၂/တမန(နိုင်)၀၀၅၂၈၀	မြောက်ဥက္ကလာပ	၁၇ရွှေပေါက်ကံ့	၄၁၂	ဦးလွန်းကြွယ်၊ ဒေါ်မြဟန်	၄၀၉၊ တောင်ငူလမ်း၊ ၁၇-ရွှေပေါက်ကံ့၊ မ/ဥ	အမည်ပြောင်း
၁၉။	ဦးသစ်လွင်+၁	၁၂/တမန(နိုင်)၀၀၅၂၈၀	မြောက်ဥက္ကလာပ	၁၇ရွှေပေါက်ကံ့	၄၁၃	ဦးလွန်းကြွယ်၊ ဒေါ်မြဟန်	၄၀၉၊ တောင်ငူလမ်း၊ ၁၇-ရွှေပေါက်ကံ့၊ မ/ဥ	အမည်ပြောင်း
၂၀။	ဒေါ်ဝင်းနီအောင်+၁	၁၂/သဃက(နိုင်)၀၃၇၇၉၅၉	သဃ်န်းကျွန်း	လေးထောင့်ကန်	၄၁၀	ဦးသန်းအောင်	၂၉၁၊ ရန်ကင်းလမ်း၊ လေးဒေါင့်ကန်	ဂရန်သစ်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ငမိုးရိပ်၊ မြေကွက်အမှတ် ၇၂၁၊ မြေကွက်တည်နေရာ အမှတ်-၇၂၁၊ ၃ လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးတင်မောင် [၁၂/သဃက(နိုင်) ၀၅၅၄၇၅] အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ခင်ပွန်း ဦးတင်မောင်ကွယ်လွန်သဖြင့် ဒေါ်ခင်န [၁၂/သဃက(နိုင်)၀၄၈၅၅၆]က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရှောင်လေဝေးဝေး မူးယစ်ဆေး

တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရေကြောင်းပို့ဆောင်ရေး ဝန်ထမ်းများအား တွေ့ဆုံမှာကြား သံတွဲလေဆိပ် လေယာဉ်ပြေးလမ်း မြေသားလုပ်ငန်းများဆောင်ရွက်မှု ကြည့်ရှု

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ သံတွဲလေဆိပ် လေယာဉ်ပြေးလမ်းတွင် စက်ယန္တရားကြီးများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

နေပြည်တော် ဧပြီ ၄

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် မတ် ၃၁ ရက်တွင် သံတွဲမြို့ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် သံတွဲလေဆိပ်သို့ရောက်ရှိပြီး လေဆိပ်ရှင်းလင်းဆောင်၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ မှာကြားကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

နေ့အပူချိန်များ

ယမန်နေ့က နေ့အပူချိန်များမှာ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် (၃)ဒီဂရီစင်တီဂရိတ်မှ (၄)ဒီဂရီစင်တီဂရိတ်အထိ၊ တနင်္သာရီတိုင်းတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် (၅)ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

အင်တာနက်သတင်း

ကမ္ဘာကြီးပူနွေးလာမှုကြောင့် လူသန်းပေါင်းများစွာ ဒေသပြောင်းရွှေ့ရနိုင်ခြေရှိ

ဒါကာ ဧပြီ ၄

ကမ္ဘာကြီး ပူနွေးလာမှုကို ရပ်တန့်သွားအောင် ထိန်းချုပ်နိုင်ခြင်းမရှိလျှင် ပင်လယ်ရေမျက်နှာပြင်များ မြင့်တက်လာပြီး သောက်သုံးရေ ပြတ်လပ်မှုများကြောင့် ၂၁ ရာစုအကုန်ခန့်တွင် တောင်အာရှဒေသ၌ လူပေါင်း ၁၂၅ သန်းခန့်သည် မိမိတို့၏ နေရပ်ဒေသများမှ စွန့်ခွာပြောင်းရွှေ့ နေထိုင်ကောင်းနေထိုင်ကြရလိမ့်မည်ဟုသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့၏ လေ့လာဆန်းစစ်မှုတစ်ရပ်က ဆိုသည်။

ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှုများ ဆက်လက်များပြားလာလျှင် တောင်အာရှဒေသရှိ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းများမှ လူသန်းပေါင်းရာနှင့် ချီ၍ နေရာဒေသ ပြောင်းရွှေ့ကြရလိမ့်မည်ဟုဆိုသည်။

ဤသို့နေရာဒေသ ပြောင်းရွှေ့ရခြင်းသည် မုတ်သုံရာသီ

စာမျက်နှာ ၃ ကော်လံ ၃သို့ ○

ရည်မှန်းချက်တာဝန် (၉)ရပ်ဖြင့် ရှေ့သို့ချီတက်နေသော အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော်ဓာတ်အားပေးစနစ်(၁)

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်

ဓာတ်ပုံ - အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းကဏ္ဍအသီးသီးကို ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်၍ ကြိုးစားရုန်းကန်နေကြရသည်။ အမျိုးသားစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကို မဏ္ဍိုင်ပြုနေရသဖြင့် သီးနှံများ ဖြစ်ထွန်းအောင်မြင်ရေးနှင့် အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် နည်းပညာ၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ ပံ့ပိုးပေးနေရသလို ရေမလုံလောက်သည့် ဒေသများအတွက်ကိုလည်း စိုက်ပျိုးရေရရှိအောင် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးနေရသည်။

ထို့အတူ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး အကြားအလပ်မရှိအောင် နယ်မြေဒေသအလိုက် လမ်းများတိုးချဲ့ဖောက်လုပ်ခြင်း၊ မြစ်ကူးတံတားကြီးများ တည်ဆောက်ပေးခြင်း၊ အိမ်ရာမြို့သစ်များ ဖော်ထုတ်ပေးခြင်းတို့အပြင် ကုန်သွယ်မှုကဏ္ဍ၌ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ပေးနေသလို

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဧရာဝတီမြစ်ကို ကျော်ဖြတ်၍ မဟာဓာတ်အားလိုင်းများ တည်ဆောက်တပ်ဆင်ထားသည်များကို တွေ့ရစဉ်။